ကြေးမုံ The Mirror

၁၃၆၇ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ (29-3-2006) (၄၉၁၄)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေး တပ်မတော်နှင့်ပြည်သူ လက်တွဲကြိုးပမ်းဆောင်ရွက်နေ

ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးတော့မယ်ဆိုရင် အေးချမ်းတည်ငြိမ်ပြီး တရားဥပဒေစိုးမိုးရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူတို့ စားဝတ်နေမှုဖူလုံရေးနဲ့ ပြည်သူလူထုတစ်ရပ်လုံး ပညာရည်ပြည့်ဝရေးဟာ မရှိမဖြစ်လိုအပ်တဲ့ အချက်တွေပဲဖြစ်တယ်။

ဒါကြောင့် တပ်မတော်ဟာ နိုင်ငံတော်အေးချမ်းတည်ငြိမ်ပြီး တရားဥပဒေစိုးမိုးရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိတဲ့နည်းတူ ပြည်သူတွေ စားဝတ်နေမှုဖူလုံပြီး တစ်ဦးချင်း တစ်နှစ်ဝင်ငွေ မြင့်မားစေဖို့ စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍနဲ့ ဝန်ဆောင်မှုကဏ္ဍတို့အတွက် အခြေခံအဆောက်အအုံတွေကို နေ့ချင်းညချင်း တည်ဆောက်ပေးခဲ့တယ်။ ဒီလိုဆောင်ရွက်ခြင်းဟာ တိုင်းရင်းသားမျိုးနွယ်စုအားလုံးရဲ့ သားစဉ်မြေးဆက်တွေအထိ ခံစားနိုင်ကြအောင် မျှော်မှန်းပြီး ဆောင်ရွက်နေခြင်းဖြစ်တယ်။

ပါတီစုံဒီမိုကရေစီစနစ်မှာ တရားဥပဒေစိုးမိုးမှ အကြမ်းဖက်မှုအန္တရာယ်က ကင်းဝေးမှာဖြစ်ပြီး တိုင်းရင်းသားတွေ စားဝတ်နေမှု ဖူလုံကြွယ်ဝမှုလဲ ငွေကြေးနဲ့ ဖြားယောင်းခြင်းကို ပယ်လှန်နိုင်မှာဖြစ်သလို ပညာရည်မြင့်မားမှုလဲ အလိမ်အညာမခံကြရမှာဖြစ်တယ်။ ဒါကြောင့် ယနေ့ တပ်မတော်နဲ့ပြည်သူတို့ ဆောင်ရွက်နေခြင်းဟာ ဒီမိုကရေစီ နိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက်ဖြစ်ပြီး ဒီလုပ်ငန်းတွေဟာ အချိန်ထုနဲ့ဖော်ဆောင်ရတဲ့ လုပ်ငန်းတွေဖြစ်ကြောင်း ပြောကြားလိုတယ်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၆၁)နှစ်မြောက် တပ်မတော်နေ့ မိန့်ခွန်းမှ–

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ဆုချီးမြှင့်ပွဲကျင်းပ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ဆုချီးမြှင့်ပွဲတွင် စစ်ရေးပြအကောင်းဆုံးစစ်ကြောင်းဆုရ ကျန်စစ်သားစစ်ကြောင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၂၈

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉နာရီတွင် နေပြည်တော်မြို့တော်ရှိ စုရပ်စစ်ရေးပြကွင်း၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ (၆၁)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးတို့ တက်ရောက်၍ ဆုချီးမြှင့်ကြသည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ တပ်မတော် စစ်ဆေးရေးအရာရှိချုပ် ဗိုလ်ချုပ်သိန်းထိုက်၊ (၆၁)နှစ်မြောက် တပ်မတော်နေ့ အကောင်းဆုံး စစ်ရေးပြတပ်ခွဲရွေးချယ် ဆုချီးမြှင့်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တပ်မတော် အရာရှိကြီးများ၊ (၆၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း ဦးဆောင်သော အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်းနှင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် (၆၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ဆုချီးမြှင့်ပွဲတွင် စစ်စည်းကမ်း ပထမဆုရ ရန်ကုန်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲအားဆုချီးမြှင့်စဉ်။
(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၉-၃-၂၀၀၆
(ဗုဒ္ဓဟူးနေ့)

စွမ်းရည်ထက်မြက်သည့် ခေတ်မီတပ်မတော် တည်ဆောက် အန္တရာယ်မှန်သမျှ ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်း

တပ်မတော်သည် အမျိုးသားနိုင်ငံရေးရည်မှန်းချက်ဖြင့် နိုင်ငံတော်၏ သမိုင်းရေးလိုအပ်ချက်အရ ပေါ်ပေါက်လာခဲ့သည်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် ပေါ်ထွန်းလာခဲ့သော မျိုးချစ် တပ်မတော်သည် တိုင်းရင်းသားပြည်သူတို့နှင့်အတူ နိုင်ငံတော်၏ လွတ်လပ်ရေးကို ပြန်လည်ရယူပေးနိုင်ခဲ့ပြီး အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်နိမိတ် လုံခြုံရေးအတွက် အသက်စွန့်၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်လာခဲ့သည်မှာ (၆၁)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို မတ်လ ၂၇ ရက်နေ့က နေပြည်တော်မြို့တော် စစ်ရေးပြကွင်းကြီး၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ မိန့်ခွန်းမြွက်ကြားခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မိန့်ခွန်းမြွက်ကြားရာ၌–

“နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြပါ၊ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းကြပါ၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော်တည်ဆောက်ရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်ကြပါ” ဟူ၍ မှာကြားသွားသည်။

သမိုင်းအစဉ်အဆက် တိုင်းပြည်နှင့်လူမျိုးအတွက် စွန့်လွှတ်စွန့်စားကာကွယ်စောင့်ရှောက်လာခဲ့သော တပ်မတော်သည် ယနေ့ကာလတွင်လည်း နိုင်ငံအေးချမ်းတည်ငြိမ်ပြီး တရားဥပဒေစိုးမိုးရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။ တစ်ချိန်တည်း၌ ပြည်သူများ စားဝတ်နေမှုဖူလုံ၍ တစ်ဦးချင်းတစ်နှစ်ဝင်ငွေ မြင့်မားစေရေးအတွက် စိုက်ပျိုးရေး၊ စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍတို့တွင် အခြေခံလိုအပ်ချက်များကို စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

ယနေ့အချိန်အခါတွင် တပ်မတော်က တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ တစ်သွေးတည်းတစ်သားတည်း၊ တစ်စိတ်တည်းတစ်ဝမ်းတည်း လက်တွဲကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေးအတွက် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ထောင်စုတစ်ဝန်းတိုင်းရင်းသားပြည်သူများ လူနေမှုဘဝမြင့်မားရေးအတွက် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ စည်းလုံးညီညွတ်သော စွမ်းအားဖြင့် ကဏ္ဍအလိုက် စီမံကိန်းများ ချမှတ်ဖော်ဆောင်လျက်ရှိရာ နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်၌ ဦးမော့လာပြီဖြစ်သည်။

ယင်းသို့ မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိလာသည်ကို မနာလိုမရှုဆိတ်ကြသည့် ပြည်တွင်းပြည်ပ အဖျက်သမားများက နည်းလမ်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးရန် ဖန်တီးလုပ်ဆောင်လျက်ရှိသည်။ သို့သော်လည်း တပ်မတော်နှင့်ပြည်သူတို့အကြား ရေကိုသားသော်လည်း အကြားမထင်သကဲ့သို့ စည်းလုံးညီညွတ်မှု ခိုင်မြဲလျက်ရှိရာ နိုင်ငံတော်အပေါ် ကျရောက်လာမည့် အန္တရာယ်ဟူသမျှကို ချေမှုန်းသွားနိုင်မည်သာဖြစ်သည်။

ထို့ကြောင့် တပ်မတော်က နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေသည့် တပ်မတော်ကိုလည်း အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီတပ်မတော်ဖြစ်လာစေရန် အဘက်ဘက်က ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

တပ်မတော်သည် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားပြီး တပ်မတော်၏ အစဉ်အလာကောင်း(၁၂)ရပ်၊ တပ်မတော်၏အား(၁၀)ပါး၊ အရည်အချင်းငါးပါးတို့နှင့် ပြည့်စုံစေရေးအတွက်လည်း တစ်ချိန်တည်း၊ တစ်ပြိုင်တည်း စီမံလေ့ကျင့်ဖော်ဆောင်လျက်ရှိသည်။

သို့ဖြစ်ရာ သမိုင်းအစဉ်အလာကြီးမားခဲ့သည့် တပ်မတော်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်၏ ဂုဏ်ဒြပ်နှင့်အညီ အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်ကို တည်ဆောက်ရင်း နိုင်ငံတော်အပေါ် ကျရောက်လာမည့် အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲပြီး ချေမှုန်းသွားနိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မန္တလေး နားမကြားသော ကလေးများကျောင်းသို့ မော်တော်ယာဉ် ပေးအပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် မတ် ၂၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် မတ် ၂၄ရက်တွင် မန္တလေးတိုင်း လူမှုဝန်ထမ်းဦးစီးဌာနရှိ ကလေးပြုစုပေးဌာနသို့ရောက်ရှိရာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးကာ ကလေးငယ်များအား ကစားစရာနှင့် စားစရာများကို ပေးအပ်သည်။

ပေးအပ်

ဆက်လက်၍ ဝန်ကြီးသည် ပြင်ဦးလွင် ဗဟိုမီးသတ်သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးသောင်ဇင်လိုက်ပါလျက် ဇီးပင်ကြီး မူလတန်းကြိုကျောင်းသို့ရောက်ရှိ၍ ကလေးသူငယ်များအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ ကစားစရာနှင့် စားစရာမုန့်များကို ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးသည် ပြင်ဦးလွင် ဗဟိုမီးသတ် သင်တန်းကျောင်းအတွင်း ပျိုးထောင်ထားရှိသော ခြံစည်းရိုးကြက်ဆူပင် ဧက ၅၀၏ အပင် ၆၅၀၀၀၏ အခြေအနေ၊ ဆေးတပ်စုသင်တန်း(၆/၂၀၀၆)မှ သင်တန်းသားသင်တန်းသူများ၏ လေ့ကျင့်ဆောင်ရွက်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းသား သင်တန်းသူများအားတွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

တက်ရောက်

ဂျပန်နိုင်ငံ Kyoshin Co., Ltd. က မန္တလေး နားမကြားသော ကလေးများကျောင်းသို့ မော်တော်ယာဉ်တစ်စီး လှူဒါန်းပွဲကို မတ် ၂၅ရက်တွင် ယင်းကျောင်း၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်၊ အလှူရှင်များနှင့် ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က အမှာစကားပြောကြားပြီး အလှူရှင် မစ္စတာ ဆာဒါကီတာ ချီကီက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားကာ မော်တော်ယာဉ်နှင့် ပတ်သက်သည့် စာရွက် စာတမ်းများကို ဝန်ကြီးထံ လွှဲအပ်သည်။

စုပေါင်းရဟန်းခံရှင်ပြု

စစ်ကိုင်းမြို့ မျက်မမြင်ကျောင်း၏ ပထမအကြိမ် စုပေါင်းရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူမင်္ဂလာပွဲကို မတ် ၂၆ရက်တွင် ယင်းကျောင်း၌ ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့်ဇနီး ဒေါ်ဝေဝေခိုင်၊ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့်ဇနီး ဒေါ်ခင်အေး၊ အလှူရှင်များနှင့် ဧည့်သည်များ တက်ရောက်ကြသည်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွား မန္တလေးနားမကြားသော ကလေးများကျောင်းသို့ ဂျပန်နိုင်ငံ Kyoshin Co., Ltd. မှ မော်တော်ယာဉ်တစ်စီး ပေးအပ်လှူဒါန်းပွဲတွင် မော်တော်ယာဉ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို အလှူရှင် မစ္စတာ ဆာဒါကီတာချီကီထံမှ လက်ခံစဉ်။ (မီးသတ်ဦးစီး)

ခေတ်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်

ရန်ကုန် မတ် ၂၈

ရန်ကုန်တိုင်း ဒလမြို့နယ် သမိုင်းဝင်ဆံတော်ရှင် ခေတ်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ကို ၁၃၆၇ ခု၊ တန်ခူးလဆန်း ၁ရက်မှ ၁၅ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ အလှူရှင်များကြည်ညိုသဒ္ဓါပွားလှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

နှစ်ဖက်မိဘများ ဖြစ်သည့်ဦးအောင်ထွန်းဦး–ဒေါ်မမကြီး၊ ဦးလှအောင်–ဒေါ်တင်လှတို့အား ရည်စူး၍ တောင်ဥက္ကလာပမြို့နယ် ဝေဇယန္တာလမ်း (၃/ခ)ရပ်ကွက်နေ ဦးစံထွန်းအောင်–ဒေါ်လှလှမေ၊ သားသမီးမြေးတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် ကျပ်ငါးသိန်းလှူဒါန်း ရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင် လက်ခံယူစဉ်။ (က–ပ)

ရွှေပြည်ဟိန်းကျောင်း တရားပွဲကျင်းပမည်

ရန်ကုန် မတ် ၂၈

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားငွေဝတ်မှုံလမ်းနေ ဦးစိုးသိန်း–ဒေါ်မေသက်ဦးတို့၏ မင်္ဂလာငွေရတုအထိမ်းအမှတ်အဖြစ် ရန်ကင်းပြည်သာယာ ရွှေပြည်ဟိန်းကျောင်း၌ ဓမ္မပူဇာကျင်းပပူဇော်မည်ဖြစ်ရာ ဧပြီ ၄ရက် ညတွင် တိပိဋကဓရ (ယော)ဆရာတော် အရှင်သိရိန္ဒာဘိဝံသ၊ ဧပြီ ၅ရက် ညတွင် တိပိဋကဓရ (ရွှေရတု)မော်ကျွန်းဆရာတော် အရှင်သီလက္ခန္ဓာဘိဝံသ၊ ဧပြီ ၆ရက် ညတွင် ပိဋကတစ်ပုံခွဲဆောင် သီတဂူကြာတစ်ပွင့် ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရီ လက်ာရ အရှင်မြတ်တို့က တရားတော်များ ဟောကြားမည်ဖြစ်၍ ကြွရောက်နာကြားနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင် Delta Plazaနေ သားငယ် (၅)နှစ်ပြည့် မွေးနေ့အတွက် ဦးမင်းသိန်း–ဒေါ်ယုလဲ့ထွန်း၊ သားကြီး အောင်မင်းသိန်း၊ သားငယ် အောင်ပြည့်သိန်း၊ သမီး ဟေမာန်မင်းသိန်းတို့က ငွေကျပ် ၁၀၀၀၀၀ ကို အတွင်းရေးမှူး ဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

(၆၁)နှစ်မြောက် တပ်မတော်နေ့ပြပွဲ

တပ်မတော်စစ်သမိုင်းပြတိုက်
(ရွှေတိဂုံဘုရားလမ်း)
(၂၆–၃–၂၀၀၆ မှ ၄–၄–၂၀၀၆)
(မည်သူမဆို အခမဲ့ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ပါသည်။)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ဆုချီးမြှင့်ပွဲတွင် စစ်ရေးပြ စံပြပထမဆုရ သံချပ်ကာတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ဆုချီးမြှင့်ပွဲတွင် စစ်ရေးပြပထမဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

☆ **ရွှေ့ဖုံးမှ**

မြဝတီစစ်ကြောင်းတို့မှ စစ်ကြောင်းမှူး၊ တပ်ရင်းမှူး၊ တပ်ခွဲမှူးနှင့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ (၆၁)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး (၆၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ဆုချီးမြှင့်ပွဲတွင် မြဝတီစစ်ကြောင်း စံပြပထမဆုရ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကိုယ်စားပြု စစ်ရေးပြတပ်ခွဲအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

သူရရွှေမန်းအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းနှင့် စစ်ရေးပြ စစ်ကြောင်းများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များက အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ (၆၁)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက ဗဟိုစစ်တီးဝိုင်းအဖွဲ့နှင့် စစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့ (၇)ဖွဲ့နှင့် လေအိတ်ပလွေအဖွဲ့ တို့အား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ မြဝတီစစ်ကြောင်း စံပြတတိယဆုရ မြန်မာနိုင်ငံ ကြက်ခြေနီ တပ်ဖွဲ့ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စံပြဒုတိယဆုရ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် စံပြပထမဆုရ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကိုယ်စားပြုစစ်ရေးပြ တပ်ခွဲတို့အား လည်းကောင်း၊ စစ်ချီသီချင်း အထူးဆု(၃)ရ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြ တပ်ခွဲ(၂)၊ အထူးဆု(၂)ရ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြ တပ်ခွဲ(၂)၊ အထူးဆု(၁)ရ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြ တပ်ခွဲ၊ စစ်ချီသီချင်း တတိယဆုရ ထောက်ပံ့နှင့် ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ဒုတိယဆုရ စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံးကိုယ်စားပြုစစ်ရေးပြ တပ်ခွဲနှင့် ပထမဆုရ အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့အား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်က စစ်တီးဝိုင်းအဖွဲ့ တတိယဆုရ ဆင်ဖြူရှင်စစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့၊ ဒုတိယဆုရ ဘုရင့်နောင်စစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့နှင့် ပထမဆုရ ဗန္ဓုလစစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့တို့အား လည်းကောင်း၊ အလံကိုင်အဖွဲ့ တတိယဆုရ ဗန္ဓုလ စစ်ကြောင်းအလံကိုင်အဖွဲ့၊ ဒုတိယဆုရ ဘုရင့်နောင် စစ်ကြောင်းအလံကိုင်အဖွဲ့နှင့် ပထမဆုရ မြဝတီစစ်ကြောင်း အလံကိုင် အဖွဲ့တို့အားလည်းကောင်း၊ စစ်စည်းကမ်းအထူးဆု(၃)ရ ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊အထူးဆု(၂)ရ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၃)၊ အထူးဆု(၁)ရ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြ တပ်ခွဲ၊ တတိယဆုရ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ဒုတိယဆုရ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် ပထမဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့အား လည်းကောင်းဆုများကို ပေးအပ် ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက စစ်ရေးပြ အထူးဆု(၃)ရ အနောက်တောင်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အထူးဆု(၂)ရ တြိဂံဒေသတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အထူးဆု(၁)ရ အရှေ့မြောက် တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တတိယဆုရ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြ တပ်ခွဲ၊ ဒုတိယဆုရ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် ပထမဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့အား လည်းကောင်း၊ စစ်ရေးပြ စံပြတတိယဆုရ ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ)ကိုယ်စားပြု စစ်ရေးပြ တပ်ခွဲ၊ စံပြဒုတိယဆုရ အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စံပြပထမဆုရ သံချပ်ကာတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် အကောင်းဆုံး စစ်ကြောင်းဆုရ ကျန်စစ်သားစစ်ကြောင်းတို့အား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းနှင့် စစ်ရေးပြ စစ်ကြောင်းများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များက အလေးပြုကြပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁)၊စစ်ရေးချုပ် ဒုတိယ ဗိုလ် ချုပ် ကြီး သိန်းစိန် (၆၁)နှစ်မြောက်တပ်မတော်နေ့ စစ် ရေး ပြ အခမ်း အနား ဆု ချီး မြှင့် ပွဲ တွင် စစ်တီးဝိုင်း ပထမ ဆု ရ ဗန္ဓုလ စစ်ကြောင်းစစ်တီးဝိုင်း အဖွဲ့အား ဆု ချီးမြှင့်စဉ်။ (သတင်းစဉ်)

ကုန်သည်/စက်မှုအသင်းချုပ် နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ (၁၅)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို မတ် ၃၁ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ၌ ကျင်းပမည်ဖြစ်သည်။

ကြိုတင်နေရာယူ

အသင်းဝင် အသင်းသားများထံ ဖိတ်စာများကြိုတင်ပေးပို့ထားပြီးဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အသင်းဝင်များအားလုံး မပျက်မကွက် အစည်းအဝေးသို့ တက်ရောက်ကြရန်နှင့် အစည်းအဝေး မကျင်းပမီ မွန်းလွဲ ၁ နာရီတွင် ကြိုတင်ရောက်ရှိ နေရာယူကြရန်ဖြစ်သည်။

အစည်းအဝေးကျင်းပမည့် မတ် ၃၁ရက်တွင် အသင်းချုပ် အသင်းဝင်ကုမ္ပဏီများက ထုတ်လုပ်သည့် ပြည်ပပို့ကုန် အဆင့်ရှိသည့် မြန်မာ့ထုတ်ကုန်ပစ္စည်းများကို UMFCCI AGM EXHIBITION-2006 အဖြစ် ခင်းကျင်းပြသမည်ဖြစ်၍ မည်သူမဆို လာရောက်ကြည့်ရှုဝယ်ယူနိုင်သည်။ (သတင်းစဉ်)

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၈)ရပ်ကွက် ကမ္ဘာအေးစေတီလမ်းနေ မိခင်ကြီး ဒေါ်သိန်းမေနှင့် ခင်ပွန်း ဦးသန်းဦး၊ သားကြီး ဦးခင်မောင်ဦး၊ သားလတ် ဦးလှဦး၊ သားသမက် ဦးအေးချို့တို့အား ရည်စူး၍ ဒေါ်ညွှန့်စိန်မိသားစုတို့က ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်၊ အထွေထွေ ပဒေသာပင် ငွေကျပ် သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ပါမောက္ခ ဒေါက်တာ ဒေါ်မေဝင်းအောင်ခင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)



ရေနံနှင့် ဓာတုဗေဒလုပ်ငန်းများ တရုတ်နိုင်ငံ ထုတ်လုပ်မှုမြှင့်တင်မည်

ပေကျင်း မတ် ၂၇

လာမည့် အနာဂတ်ငါးနှစ်တာကာလအတွင်း တရုတ်နိုင်ငံသည် ယွမ်ငွေ ၁၈၀ ဘီလီယံ (အမေရိကန် ဒေါ်လာ ၂၂ ဒသမ ၅ ဘီလီယံ) ရင်းနှီးမြှုပ်နှံကာ ရေနံချက်လုပ်ငန်းများနှင့် ရေနံဓာတုဗေဒလုပ်ငန်းကဏ္ဍ၌ တိုးတက်မှုများရရှိအောင် အစီအမံများ ချထားဆောင်ရွက်လျက်ရှိကြောင်း စက်မှုဘက်ဆိုင်ရာ သတင်းရပ်ကွက်များမှလာသောသတင်းက ဖော်ပြသည်။

တရုတ်နိုင်ငံက လုပ်ငန်းချဲ့ထွင်ရန် စီစဉ်နေသော စက်မှုလုပ်ငန်းများတွင် ရေနံချက်လုပ်ငန်းကဏ္ဍ ငါးခု၊ အေရီမက်တစ်ဟိုက်ဒရိုကာဗွန်လုပ်ငန်းတွင် နှစ်ခု၊ ဓာတ်မြေဩဇာလုပ်ငန်းတွင်လေးခုနှင့် အီသလင်း ထုတ်လုပ်မှုလုပ်ငန်းတွင် လုပ်ငန်းကြီးခြောက်ခုအထိ ထူထောင်သွားမည်ဖြစ်သည်ဟု ပက်ထရိုချိုင်းနားကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌ ဒူအန်ဝန်ဒီက ပြောကြားသည်။

အထက်ပါလုပ်ငန်းများ ထူထောင်နေချိန်၌ပင် ဖြန့်ဖြူးရောင်းချရေး ကွန်ရက်များကို ဆက်လက်ထူထောင်သွားမည်ဖြစ်သည်။ တရုတ်နိုင်ငံအတွင်း၌ ရေနံနှင့် ဓာတုဗေဒလုပ်ငန်းများကို စနစ်တကျ ထူထောင်သွားရေး အစီအမံများနှင့်အညီ ဖော်ပြပါလုပ်ငန်းများကို ချဲ့ထွင်နေခြင်းဖြစ်သည်ဟု ဆိုသည်။

တရုတ်နိုင်ငံသည် ပြည်တွင်း ရေနံချက်လုပ်နိုင်မှုစွမ်းအားကို ၂၀၁၀ ပြည့်နှစ်သို့အရောက်တွင် တစ်နှစ်လျှင် တန်ချိန် သန်း ၁၇၀ အထိ ရောက်ရှိစေရန် လုပ်ဆောင်နေခြင်းဖြစ်သည်။

နိုင်ငံ၏ ရေနံဓာတုဗေဒ ထုတ်ကုန်လုပ်ငန်းမှာလည်း လက်ရှိအခြေအနေထက် တန်ချိန် ၁၂ သန်းတိုး၍ ထုတ်လုပ်ကာ တန်ချိန် သန်း ၂၀ အထိ တိုးမြှင့်သွားနိုင်စေရန် စီစဉ်လျက်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပေကျင်း၌ မျက်မမြင်စန္ဒရားဆရာ ဖြေဖျော်မည်

ပေကျင်း မတ် ၂၇

တရုတ်နိုင်ငံ ပေကျင်းမြို့လယ်ရှိ ပြည်သူ့လွှတ်တော်မှ တပ်မတော်ကပွဲရုံ၌ မတ် ၃၀ရက်တွင် တရုတ်လူမျိုး မျက်မမြင်စန္ဒရား ဆရာဆွန်ယန် (၂၃) နှစ်သည် တေးဂီတဖြေဖျော်မည်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ဆွန်သည် ဂုဏ်သတင်းကြီးလှသည့် တရုတ်နိုင်ငံ ဗဟိုဂီတအနုပညာသင်ကျောင်း (စီစီစီအမ်)မှ ကျောင်းသားတစ်ဦးဖြစ်သည်။ ၎င်းကို မွေးဖွားစဉ်က မျက်စိအတွင်းတိမ်ရောဂါကြောင့် မျက်စိ ကွယ်ခဲ့ရသူဖြစ်သည်။ ၎င်းသည် သုံးနှစ်သားအရွယ်မှစ၍ စန္ဒရားပညာကို စတင်သင်ယူခဲ့ရာ ခြောက်နှစ်သားအရွယ်တွင် စန္ဒရားထူးချွန်သူအဖြစ် ဂုဏ်သတင်းကျော်ကြားလာခဲ့သည်။

စီစီစီအမ်ကျောင်း၏ ရာစုနှစ်ဝက်ကြာကာလအတွင်း ဆွန်သည် ပထမဦးဆုံးသော မျက်မမြင်ကျောင်းသားဖြစ်ကြောင်း ကျောင်းအုပ်ကြီး ကူရှူလန်က ပြောကြားသည်။ ဆွန်ကို နာမည်ကျော်စန္ဒရားဆရာယန်ကျွန်းက စနစ်တကျ သင်ကြားပေးခဲ့ရာ ထူးချွန်သူဖြစ်လာခဲ့သည်။

တေးဂီတ ဖြေဖျော်ပွဲတွင် ဘတ်ချ်၊ ဘီသိုဗင်နှင့်ချိုပင်းတို့ကဲ့သို့သော ဂီတပညာရှင်များ၏ တေးဂီတများကိုဆွန်က တီးခတ်ဖြေဖျော်မည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီးတီအေသူပုန်အဖွဲ့ အပစ်အခတ်ရပ်စဲ

မဒရစ် မတ် ၂၇

စပိန်နိုင်ငံရှိ အီးတီအေ သူပုန်အဖွဲ့သည် အမြဲတမ်း အပစ်အခတ်ရပ်စဲလိုက်ပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်ပြီးနောက် အစိုးရအနေဖြင့် ယင်းသူပုန်အဖွဲ့နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ကျင်းပသွားရန် ပြည်သူများက လိုလားလျက်ရှိကြောင်း မတ် ၂၅ရက်တွင် ပေါ်ထွက်လာသည့် စစ်တမ်းတစ်ရပ်တွင် ဖော်ပြထားသည်။

အီးတီအေသူပုန်အဖွဲ့သည် ထာဝရ အပစ်အခတ်ရပ်စဲကြောင်း မတ်၂၂ရက်က ထုတ်ပြန်ကြေညာခဲ့သည်။ စပိန်နိုင်ငံ ဘာ့စ် ခွဲထွက်ရေးဒေသတွင် ခြေကုပ်ပြုထားသော ယင်းသူပုန်အဖွဲ့သည် ဘာ့စ် ရုပ်မြင်သံကြားဌာနမှတစ်ဆင့် အပစ်အခတ်ရပ်စဲကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ***အင်တာနက်။***

ဖို ကို ဗို့ တစ်နှင့် နေရောင်ခြည်ခံကိရိယာများ တွဲဖက် အသုံးပြုခြင်းဖြင့် ရေသန့်စင်ခြင်း၊ ရေအပူပေးခြင်းနှင့် နေရောင်ခြည်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူခြင်း လုပ်ငန်းများ ပေါင်းစပ် အသုံးပြုနိုင်ပုံကို စင်ကာပူ၌ မတ် ၂၀ ရက်က ပြသထားစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဖိလစ်ပိုင်၌ မီးလောင်မှုဖြစ်ပွား လူပေါင်း ၅၀၀၀ အိုးမဲ့အိမ်မဲ့ဖြစ်

မနီလာ မတ် ၂၇

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မင်ဒါနာအိုကျွန်း ဆင်းရဲသားရပ်ကွက်တွင် မီးလောင်ကျွမ်းမှုဖြစ်ပွားရာ တဲအိမ်အလုံး ၁၅၀၀ နီးပါးပျက်စီးသွားကြောင်း၊ သို့သော်လည်း သေဆုံးသူနှင့် ဒဏ်ရာရရှိသူမရှိကြောင်း မြို့အုပ်ချုပ်ရေးတာဝန်ရှိသူများနှင့် မီးသတ်ဌာနတာဝန်ရှိသူများက သောကြာနေ့တွင် ပြောကြားသည်။

ဒေသစံတော်ချိန် ညနေ ၆နာရီခွဲ (ဂရင်းနစ်စံတော်ချိန် ၁၀၃၀နာရီ) တွင်မီးစတင်လောင်ကျွမ်းခဲ့ရာ ခုနစ်နာရီကြာမျှ မီးလောင်ကျွမ်းခဲ့ပြီးနောက် လူပေါင်း ၅၀၀၀ နီးပါး အိုးမဲ့အိမ်မဲ့ဖြစ်သွားသည်။ ဖယောင်းတိုင်မီးကို ပေါ့ပေါ့ဆဆ ပစ်ထားမှုကြောင့် မီးလောင်ကျွမ်းရခြင်းဖြစ်ပြီး ဇမ်ဘိုအန်ဂါ ဆိပ်ကမ်းမြို့ မြို့စွန်တဲစုရပ်ကွက်ရှိ ကျဉ်းမြောင်းသည့် လမ်းများတစ်လျှောက်၌ တဲအိမ်များ မီးထဲပါသွားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

လှပသော ငှက်များ တုပ်ကွေးရောဂါ ပိုမိုခံနိုင်ရည်ရှိ

စတော့ဟုမ်း မတ် ၂၇

ကြန်အင်လက္ခဏာများအရ လှပပြီး ဆွဲဆောင်မှုရှိသည့် ငှက်များသည် ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ပိုးကို ပိုမို၍ ခံနိုင်ရည်ရှိကြောင်း ဆွီဒင်နိုင်ငံမှ သိပ္ပံပညာရှင်များက မတ် ၂၂ရက်တွင် ပြောကြားသည်။

ဥဒေါင်းကဲ့သို့သော အမြီးတွင် ရောင်စုံပါရှိသည့် ငှက်များသည် ဆွဲဆောင်နိုင်သည့် ငှက်မျိုးတွင်ပါဝင်ပြီး ယင်းငှက်များ၏ မျိုးရိုးဗီဇ ထူးခြားမှုကြောင့် ဗိုင်းရပ်စ်ရောဂါပိုးကို ခံနိုင်ရည်ရှိသည်ဟု ယူဆရကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။ ***အင်တာနက်။***

ဘာလင်မြို့၌ ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ် တွေ့ရှိ

ဘာလင် မတ် ၂၇

ဂျာမနီနိုင်ငံဘာလင်မြို့၌ သေဆုံးလျက်ရှိသည့် သိမ်းငှက်တစ်ကောင်တွင် အိပ်ချ်-၅ အင် ၁ ကြက်ငှက်တုပ်ကွေးရောဂါ ဗိုင်းရပ်တွေ့ရှိရကြောင်း၊ ဘာလင်မြို့၌ ကြက်ငှက်တုပ်ကွေးရောဂါဗိုင်းရပ်ကို ပထမဦးဆုံးတွေ့ရှိရခြင်းဖြစ်ကြောင်း ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက သောကြာနေ့တွင် အတည်ပြုပြောကြား လိုက်သည်။ ဘာလင်မြို့၏အရှေ့ဖျား မာဇန်ဟယ်လာစ်ဒေါ့ဖ်ဒေသရှိ အိမ်တစ်အိမ်၏နံဘေးတွင် အဆိုပါငှက်အသေကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အင်ဒိုနီးရှား မိန်းကလေး ကြက်ငှက်တုပ်ကွေး ရောဂါဖြင့် သေဆုံး

ဂျကာတာ မတ် ၂၇

အင်ဒိုနီးရှားနိုင်ငံ မြို့တော်ဂျကာတာအနောက်ပိုင်းမှ အသက်တစ်နှစ်အရွယ်ရှိ မိန်းကလေးငယ်တစ်ဦးသည် ကြက်ငှက်တုပ်ကွေးရောဂါဖြင့် သေဆုံးသွားကြောင်း ကျန်းမာရေးဆိုင်ရာအထက်တန်းတာဝန်ရှိသူတစ်ဦးက စနေနေ့တွင် ပြောကြားသည်။

ယင်းကလေးငယ်သေဆုံးမှုကို ကုလသမဂ္ဂက အသိအမှတ်ပြုသည့် ဓာတ်ခွဲခန်းတစ်ခန်းက အတည်ပြုပေးမည်ဆိုပါက အင်ဒိုနီးရှားနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါကြောင့် သေဆုံးရသူဦးရေမှာ ၂၃ဦးအထိ ရှိပြီဖြစ်သည်။

ဂျကာတာအနောက်ပိုင်းတွင် နေထိုင်သော အသက်တစ်နှစ်အရွယ် မိန်းကလေးငယ်သည် ကြက်ငှက်တုပ်ကွေးရောဂါဖြင့် သေဆုံးသည်ဟု ဒေသဆိုင်ရာ ဓာတ်ခွဲခန်းတစ်ခုက လေ့လာတွေ့ရှိရသည်ဟု မိမိသိရှိရကြောင်း ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တိရစ္ဆာန်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါများ တားဆီးကာကွယ်ရေးဌာန ညွှန်ကြားရေးမှူးချုပ် ဟာရာဒီဝီဘီဆိုနိုက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကြက်ငှက်တုပ်ကွေးရောဂါကူးစက်မှု တားဆီးရန် အစ္စရေးတွင် ကြက်ငှက်များကို သုတ်သင်

ဂျေရုဆလင် မတ် ၂၇

အစ္စရေးနိုင်ငံတွင် ကြက်ငှက်တုပ်ကွေး ကူးစက်ရောဂါစတင်ဖြစ်ပွားချိန်မှစ၍ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားနိုင်သည်ဟု ယူဆရသည့် မွေးမြူရေးခြံများရှိ တိရစ္ဆာန်များကို သုတ်သင်ရှင်းလင်းခဲ့ကြောင်း၊ မတ် ၂၅ရက်တွင် သုတ်သင်ရှင်းလင်းသည့်လုပ်ငန်း ပြီးဆုံးခဲ့ပြီး မွေးမြူရေးတိရစ္ဆာန် ကောင်ရေပေါင်း ၁ဒသမ၂သန်းအထိကို ရွေးချယ်သတ်ဖြတ်ခဲ့ကြောင်း ယင်းနိုင်ငံတွင် ထုတ်ဝေသော ဟားရတ်သတင်းစာက ရေးသားဖော်ပြသည်။

အစ္စရေးမွေးမြူရေးနှင့် ကုသရေးဌာနများသည် ဂါဇာကမ်းမြောင်ဒေသတွင် ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်ရောဂါကူးစက်ပျံ့နှံ့ခြင်း ရှိ၊ မရှိ လေ့လာစောင့်ကြည့်လျက်ရှိသည်။ ကြက်ငှက်တုပ်ကွေးဗိုင်းရပ်ပိုးတွေ့ရှိသည့် မွေးမြူရေးခြံမှ တိရစ္ဆာန်များကိုသတ်ဖြတ်ပါက လျော်ကြေးပေးမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်က ပါလက်စတိုင်း အာဏာပိုင်အဖွဲ့ထံ အကြောင်းကြားထားသည်။ ဂါဇာကမ်းမြောင်ဒေသတောင်ပိုင်းရှိ ရာဖာမြို့တွင် ကြက်ငှက်တုပ်ကွေးဗိုင်းရပ်ကို တွေ့ရှိရကြောင်း ပါလက်စတိုင်း လယ်ယာစိုက်ပျိုးရေးဝန်ကြီးက အတည်ပြုပြောကြားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



ဖင်လန်နိုင်ငံ ဟယ်ဆင်ကီမြို့ရှိ ရာသီဥတုလေ့လာရေး ရေဒါစခန်းတစ်နေရာကို မတ် ၂၇ရက်က တွေ့ရစဉ်၊ *(ဓာတ်ပုံ-အင်တာနက်)*



ဂျော်ဒန်နိုင်ငံ အမ္မန်မြို့တော်၏ မြောက်ဘက်ရှိ အာလောင်ချ်မြို့တွင်း၌ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးများ ပက်ဖျန်း နေသည်ကို မတ် ၂၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

လူဝင်မှုကြီးကြပ်ရေးဥပဒေများ တင်းကျပ်ရန် စီစဉ်နေမှု အမေရိကန်တွင်လူ ၂၀၀၀၀၀ထက်မနည်း ကန့်ကွက်ဆန္ဒပြ

လော့စ်အိန်ဂျလိစ် မတ် ၂၆

အမေရိကန်နိုင်ငံတွင် လူဝင်မှုကြီးကြပ်ရေးဥပဒေများကို ပိုမိုတင်းကျပ်ရန် စီစဉ်ဆောင်ရွက်နေခြင်းကို ကန့်ကွက်သည့်အနေဖြင့် ကာလီဖိုးနီးယားပြည်နယ်တွင် စနေနေ့က လူ ၂၀၀၀၀၀ ထက်မနည်းက ဆန္ဒပြကြသည်။

ဆန္ဒပြသမားများသည် လော့စ်အိန်ဂျလိစ်မြို့ရှိ မြို့တော်ခန်းမရှေ့တွင် စုဝေးကာ ကန့်ကွက်ဆန္ဒပြကြသည်။ အမေရိကန်နိုင်ငံတွင် ရီပတ်ဘလီကင်အမတ်များက လူဝင်မှုကြီးကြပ်ရေးစည်းမျဉ်းများကို ပိုမိုတင်းကျပ်နိုင်ရန် ဥပဒေကြမ်းများ ရေးဆွဲလျက်ရှိပြီး အသစ်ပေါ်ထွက်လာမည့် ဥပဒေများအရ နိုင်ငံတွင်းရှိ တရားမဝင် ရွှေ့ပြောင်းအလုပ်သမား ၁၂သန်းခန့် ထိခိုက်နိုင်သဖြင့် ကန့်ကွက်ဆန္ဒပြခြင်းဖြစ်သည်။ ဆန္ဒပြသူအများစုမှာ ဟစ္စပန်းနစ်နွယ်ဖွားများဖြစ်ကြသည်။

ဖော်ပြ

အမေရိကန်နိုင်ငံတွင် တရားဝင်နေထိုင်ခွင့်မရှိသည့် အလုပ်သမားများကို ရာဇဝတ်ပြစ်မှုအဖြစ် သတ်မှတ်ကာ အရေးယူရန် အောက်လွှတ်တော်က အတည်ပြုပြီးဖြစ်သော ဥပဒေကြမ်းတစ်ရပ်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ပွာ။

အမေရိကန်က လက်ခံကျင့်သုံးမည့် လူဝင်မှုကြီးကြပ်ရေးဥပဒေသစ်ကို လော့စ်အိန်ဂျလိစ်မြို့မှ ပြည်သူများက ဆန္ဒပြကန့်ကွက်နေကြသည်ကို မတ် ၂၅ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အဲဘတ်စ်လေယာဉ်စီးခရီးသည် အရေးပေါ်ကယ်တင်ရေး စမ်းသပ်လေ့ကျင့် ပါဝင်သူအချို့ ဒဏ်ရာရသော်လည်း လုပ်ငန်းအောင်မြင်ဟုဆို

ပါရီ မတ် ၂၇

ဥရောပဒေသ နိုင်ငံများက တည်ဆောက်သော အဲဘတ်စ် အေ-၃၈၀ လေယာဉ်နှင့်ပတ်သက်သည့် ခရီးသည်များ အရေးပေါ်ကိစ္စတွင် ကယ်တင်ရေးလုပ်ငန်းကို စမ်းသပ်လေ့ကျင့်ခဲ့ရာ လူ ၃၂ဦး ဒဏ်ရာရရှိခဲ့သည်မှအပ လေ့ကျင့်ရေးလုပ်ငန်းမှာ အောင်မြင်မှုရှိကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူများက မတ် ၂၆ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ခရီးသည်ကယ်တင်ရေး လေ့ကျင့်ခန်းပြုလုပ်ခဲ့သော အေ-၃၈၀ အဲဘတ်စ်လေယာဉ်သည် ခရီးသည်များ စီးနင်းလိုက်ပါနိုင်သော အထပ်နှစ်ထပ်ပါသည့် လေယာဉ်အမျိုးအစားဖြစ်သည်။ လေ့ကျင့်ရာ၌ ဒဏ်ရာရခဲ့သူများအနက် တစ်ဦးမှာ ခြေထောက်ကျိုးခဲ့ရသည်မှအပ ကျန်လူများမှာ မပြောပလောက်သော ဒဏ်ရာများသာရရှိခဲ့ကြောင်း အေ-၃၈၀ အဲဘတ်စ်လေယာဉ်လုပ်ငန်း ဆောင်ရွက်ရေးဌာန အကြီးအကဲ ချားချန်ပီယန်၏ ကြေညာချက်တွင် ဖော်ပြခဲ့သည်။

ယခုပြုလုပ်သော ခရီးသည်များ ကယ်တင်ရေးလေ့ကျင့်မှုတွင် လူပေါင်း ၈၇၃ဦး ပါဝင်လေ့ကျင့်ခဲ့ကြသည်။ ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့တွင် ပြုလုပ်သည့် အဆိုပါလေ့ကျင့်မှုကို ဥရောပဆိုင်ရာ လေယာဉ်အန္တရာယ် ကင်းရှင်းရေးစစ်ဆေးရေး အာဏာပိုင်အဖွဲ့နှင့် အမေရိကန် လေကြောင်း အာဏာပိုင်အဖွဲ့များမှ စစ်ဆေးရေးကိုယ်စားလှယ်များ တက်ရောက်လေ့လာ ကြည့်ရှုခဲ့ကြသည်။

လေယာဉ်စီးခရီးသည်များ အရေးပေါ်ကယ်တင်ရေး လေ့ကျင့်မှုလုပ်ငန်း အောင်မြင်ခဲ့သည့်အတွက် အေ-၃၈၀ လေယာဉ်ပြေးဆွဲ ပျံသန်းရေးကိစ္စမှာ လမ်းပွင့်သွားပြီဖြစ်ကြောင်း အဲဘတ်စ်ကုမ္ပဏီမှ အရာရှိများက ပြောကြားကြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဆေးခြောက် ၃ဒသမ ၂တန် အာဂျင်တီးနား၌ သိမ်းဆည်း

ဗျူနိုစ်အေရိစ် မတ် ၂၇

အာဂျင်တီးနားနိုင်ငံ ရဲတပ်ဖွဲ့သည် သောကြာနေ့တွင် လောင်စာဆီသယ်သည့် ကားတစ်စီးတွင်ဝှက်၍ ယူဆောင်လာသည့် ဆေးခြောက် ၃ ဒသမ ၂ တန်ကို သိမ်းဆည်းလိုက်ပြီး ယာဉ်မောင်းကိုလည်း ဖမ်းဆီးလိုက်ကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါ ဆေးခြောက်များကို ဗျူနိုစ်အေရိစ်မြို့မှ ကီလိုမီတာ ၁၀၀ နီးပါးအကွာရှိ အင်ထရီရိုင်ယို ပြည်နယ် ဆာဗတ်စ်ဒေသတွင် သိမ်းဆည်းရမိခြင်းဖြစ်သည်။ အမေရိကန်ဒေါ်လာ ၈၇၀၀၊ အာဂျင်တီးနားပီဆို ၁၅၀၀၀ နှင့် ဆုံလည်သေနတ်တစ်လက်ကိုလည်း ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ရာသီဥတုပြောင်းလဲမှုကြောင့် ငှက်ဖျားရောဂါ ပိုမိုဖြစ်ပွား

ကမ်ပါလာ မတ် ၂၇

အာဖရိကအရှေ့ပိုင်း ကုန်းမြင့်ဒေသများ၏ ဒေသအချို့တွင် ငှက်ဖျားရောဂါဖြစ်ပွားမှု ပိုမိုများပြားလာခြင်းသည် ရာသီဥတုပြောင်းလဲလာမှုနှင့် ဆက်နွယ်နေကြောင်း သုတေသနလေ့လာချက်တွင် ဖော်ပြထားသည်။

အာဖရိကတိုက်ရှိ ဒေသအချို့တွင် ငှက်ဖျားရောဂါဖြစ်ပွားသူ ပိုမိုများပြားလာခြင်း၏အကြောင်းတရားကိုလေ့လာကြည့်ပါက အပူချိန်မြင့်တက်လာမှုကို တွေ့နိုင်ကြောင်း အသစ်ပေါ်ထွက်လာသော သုတေသန လေ့လာချက်တွင် ဖော်ပြထားသည်။

အာဖရိကတိုက် အရှေ့ပိုင်းဒေသရှိ ကုန်းမြင့်ဒေသများ၏ အပူချိန်သည် လွန်ခဲ့သည့် နှစ်ပေါင်းများစွာ ကာလအတွင်း တစ်ဒီဂရီ ဆဲလ်စီယက်၏ ထက်ဝက်မြင့်တက်လာကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အပူချိန်အနည်းငယ်မျှ တိုးတက်ရုံမျှဖြင့် ငှက်ဖျားရောဂါ သယ်ဆောင်သော ခြင်ကောင်ရေပေါက်ဖွားမှု နှစ်ဆမြင့်တက်လာနိုင်ဖွယ်ရှိကြောင်း အမျိုးသားသိပ္ပံအကယ်ဒမီ လေ့လာချက်များဟူ၍ အမည်ပေးထားသည့် စာစောင်တွင် ရေးသားဖော်ပြထားသည်။

ရာသီဥတု ပြောင်းလဲလာခြင်းကြောင့် ငှက်ဖျားရောဂါဖြစ်ပွားသူဦးရေ တိုးပွားလာသည်ဟု ယူဆရကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။ သိပ္ပံပညာရှင်များသည် ကင်ညာနိုင်ငံ အနောက်ပိုင်းဒေသ၊ ယူဂန္ဒာအနောက်တောင်ပိုင်းဒေသ၊ ရဝမ်ဒါတောင်ပိုင်းဒေသနှင့် ဘူရွန်ဒီ မြောက်ပိုင်းဒေသတို့တွင် အပူချိန်ပြောင်းလဲမှု သတင်းအချက်အလက်များကို လေ့လာခဲ့ကြသည်။

အင်တာနက်။

အီရတ်နိုင်ငံမြောက်ပိုင်း မိုလ်ဆူးမြို့တွင် ခုခံရေးသမားများ လက်ချက်ကြောင့် ပျက်စီးသွားသည့်ကန်တပ်ဖွဲ့အတွက်ထောက်ပံ့ရေးပစ္စည်းများ သယ်ဆောင်လာသော ထရပ်ကားများကို မတ် ၂၆ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီသီယိုးပီးယားတွင် တံတိုင်းနံရံပြိုကျ၊ ရှစ်ဦးသေဆုံး

အဒစ္စအဘာဘာ မတ် ၂၇

အီသီယိုးပီးယားနိုင်ငံ မြို့တော်အဒစ္စအဘာဘာတွင် စနေနေ့က မိုးသည်းထန်စွာ ရွာသွန်းသဖြင့် လေးမီတာမြင့်သော တံတိုင်းနံရံတစ်ခုပြိုကျစဉ် အနည်းဆုံးလူရှစ်ဦး သေဆုံးရာ ကလေးငါးဦး ပါဝင်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ကယ်တင်

မီးသတ်တပ်ဖွဲ့နှင့် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့သည် ဒဏ်ရာရရှိသော လူတစ်ဒါဇင်ခန့်ကို ကယ်တင်နိုင်ခဲ့သည်။ ထိုအဖြစ်အပျက်သည် လူဦးရေ ထူထပ်သည့် ဆင်းရဲသားရပ်ကွက်ဖြစ်သော ကိုဖီကာရန်ညိုရပ်ကွက်တွင် သောကြာနေ့က ဖြစ်ပွားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကလီယိုပါထရာ၏ တန်ခိုးအာဏာ ဆံပင်ပုံစံဖြင့် မြှင့်တင်နိုင်ခဲ့ဟုဆို

ဝါရှင်တန် မတ် ၂၇

အီဂျစ်ဘုရင်မ ကလီယိုပါထရာသည် တန်ခိုးအာဏာနှင့် ကျော်စောမှုတို့ရရှိလာစေရန် သူမ၏ဆံပင်ပုံစံဖြင့် လုပ်ဆောင်ခဲ့ကြောင်း အမေရိကန် သမိုင်းပါမောက္ခတစ်ဦးက မတ် ၂၄ရက်တွင် ပြောကြားလိုက်သည်။

ကလီယိုပါထရာ ဖီလိုပါတာအမည်ရှိသည့် အီဂျစ်ဘုရင်မသည် ဘီစီ ၆၉ခုနှစ်မှ ဘီစီ ၃၀အထိ ရှေးဟောင်း အီဂျစ်နိုင်ငံ၏ အုပ်စိုးသူဖြစ်ခဲ့သည်။ ကလီယိုပါထရာသည် တိုလီမစ်မင်းဆက်၏ နောက်ဆုံးအုပ်စိုးသူလည်း ဖြစ်သည်။

ကလီယိုပါထရာနှင့် ပတ်သက်နေသော ဒင်္ဂါးပြားများ၊ ရုပ်တုများနှင့် အခြားသော သရုပ်ဖော်ဝတ္ထုပစ္စည်းများကို လေ့လာကြည့်သည့်အခါ ကလီယိုပါထရာ၏ဆံပင်ပုံစံကို သုံးမျိုးထက်မနည်း တွေ့မြင်ရကြောင်း ယင်းတက္ကသိုလ်မှ သမိုင်းပါမောက္ခ ဒိုင်ယာနာကလီနာက အသစ်ထုတ်ဝေလိုက်သော စာအုပ်တွင် ရေးသားဖော်ပြထားသည်။

ကလီယိုပါထရာ၏ ဆံပင်ပုံစံတစ်မျိုးမှာ မက်ဆီဒိုးနီးယား ဂရိဘုရင်မတစ်ပါး၏ ဆံပင်ပုံစံနှင့်တူညီသည်။ ယင်းမှာ လိပ်ခွေထားသည့် ပုံစံမျိုးဖြစ်သည်။

ကလီယိုပါထရာ၏ အခြားသော ဆံပင်ပုံစံတစ်မျိုးမှာ ဖရဲသီးတစ်လုံးနှင့် အလားသဏ္ဌာန်တူပြီး တတိယတစ်ခုမှာ ခေါင်းဆောင်းတစ်ခုနှင့် လိုက်လျောညီထွေရှိအောင် ဆင်ယင်ထားသည့် ပုံစံဖြစ်သည်ဟု ဆိုသည်။

အင်တာနက်။

အမေရိကန်-အီရတ် ပူးတွဲစစ်အခြေစိုက်စခန်း၌ ဗုံးပေါက်ကွဲ လူ ၄၀ သေဆုံးပြီး ၁၅ ဦး ထိခိုက်ဒဏ်ရာရ

ဘဂ္ဂဒက် မတ် ၂၈

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့ရှိ အမေရိကန်-အီရတ်စစ်ဘက် ပူးတွဲအခြေစိုက်စခန်းတွင် တနင်္လာနေ့က ဗုံးဖောက်ခွဲသမားတစ်ဦးက ဗုံးဖောက်ခွဲခဲ့သဖြင့် လူ ၄၀ သေဆုံးပြီး ထိခိုက်ဒဏ်ရာရရှိသူ ၁၅ ဦးရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဖောက်ခွဲ

ဗုံးဖောက်ခွဲရေးသမားတစ်ဦးက ဖောက်ခွဲစရာပစ္စည်းများ တပ်ဆင်ထားသည့် ခါးပတ်ကို ဝတ်ဆင်ပြီး မိုဆူးလ်မြို့ ဆင်ခြေဖုံးရှိ အမေရိကန်နှင့် အီရတ် ပူးတွဲစစ်အခြေစိုက်စခန်းတွင် နံနက် ၁၁ နာရီခွဲခန့်က ဗုံးဖောက်ခွဲခဲ့သဖြင့် လူ ၄၀ သေဆုံးပြီး လူ ၁၅ဦး ဒဏ်ရာရရှိခဲ့ကြောင်း အဆိုပါ သတင်းရပ်ကွက်က ဆက်လက်ပြောကြားသည်။

အဆိုပါ ပူးတွဲအခြေစိုက်စခန်းသည် အီရတ်တပ်သားသစ် စုဆောင်းရေးဌာနတည်ရှိပြီး မိုဆူးလ်နှင့် ဘာဘီမြို့ ဆက်သွယ်ရာလမ်းမကြီးပေါ်တွင် တည်ရှိသည်။

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ ဆာဒါစီးတီးအရပ်၌ တိုက်ခိုက်မှုတစ်ရပ်ကြောင့် လူ ၂၀ကျော် သေဆုံးရသည့် ဖြစ်ရပ် ပေါ်ပေါက်ခဲ့ပြီး နောက်တစ်ရက်တွင် အီရတ်တပ်သားသစ်များကို ပစ်မှတ်ထားသည့် တိုက်ခိုက်မှု ပေါ်ပေါက်ခြင်းဖြစ်သည်။

အင်တာနက်။

ပျော့ပျောင်းမှုလား လှည့်စားမှုလား

ကျော်မြင့်နိုင်

၂၀၀၆ခုနှစ်ဖေဖော်ဝါရီလ ၁၂ရက် ပြည်ထောင်စုနေ့မှာ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က အထူးကြေညာချက် ၁/၀၂/၀၆ ကို ထုတ်ပြန်ကြေညာခဲ့ပါတယ်။

ပြည်တွင်း၊ ပြည်ပ အစိုးရဆန့်ကျင်ရေးဝါဒီအားလုံးနဲ့ အနောက်အုပ်စုမီဒီယာလောကကတော့ ဒီကြေညာချက်ဟာ မြန်မာ့ဒီမိုကရေစီ ဖော်ဆောင်ရေးနဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် NLD မှ တပ်မတော်အစိုးရသို့အပျော့ပျောင်းဆုံးသော ကမ်းလှမ်းချက်ဖြစ်ကြောင်း ဘေးတီးပြီး နိုင်ငံတကာရဲ့ ထောက်ခံမှုရအောင် လှုံ့ဆော်နေကြပါတယ်။

စာရေးသူဟာ ဒီကြေညာချက်နဲ့ပတ်သက်ပြီးအနောက်အုပ်စုအသံလွှင့်ဌာနတွေက ဝါဒဖြန့်ထုတ်လွှင့်မှုတွေကို အလေးအနက်လေ့လာနားထောင်ခဲ့သော်လည်း ကြေညာချက်ရဲ့သဘောထားအပြည့်အစုံကို မသိရတဲ့အတွက် ရေငုံနှုတ်ပိတ်လုပ်နေခဲ့ပါတယ်။

၃-၃-၂၀၀၆ရက်နေ့ကျမှ NLD အဖွဲ့ချုပ်ရဲ့ ကြေညာချက်ကို ရရှိလေ့လာခဲ့ရပါတယ်။

ကြေညာချက်ရဲ့ သဘောထားအကျဉ်းချုပ်ကတော့ တည်ဆဲတပ်မတော်အစိုးရက လွှတ်တော်ခေါ်ပေးရန်၊ လွှတ်တော်ခေါ်ပေးရင် လွှတ်တော်က တည်ဆဲတပ်မတော်အစိုးရကို ဥပဒေအရမဟုတ်ဘဲ လက်တွေ့အုပ်ချုပ်နေသော ကောင်စီ (De facto)အဖြစ်မှ ဥပဒေအရ အုပ်ချုပ်သောကောင်စီ (De jure) အစိုးရအဖြစ် အသိအမှတ်ပြုပြီး ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအစိုးရ (ကြားဖြတ်အစိုးရ)အဖြစ် အသိအမှတ်ပြုပေးမယ်၊ အသွင်ကူးပြောင်းရေး အချိန်ကာလကို နှစ်ဦးနှစ်ဖက် အပြန်အလှန် ညှိနှိုင်းသတ်မှတ်မယ်၊ တစ်ချိန်တည်းမှာ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ဆွေးနွေးရန် ဒေါ်အောင်ဆန်းစုကြည်ကိုခြွင်းချက်မရှိ ပြန်လွှတ်ပေးရန်၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးဆွေးနွေးရာမှာ ကြားဝင်စေ့စပ်ဖျန်ဖြေပေးသူ လိုအပ်လာပါက အာဆီယံအသင်းမှ လက်ခံယုံကြည်သော ခေါင်းဆောင်ကိုထားရှိရန်နဲ့ ၎င်းတို့ရဲ့တောင်းဆိုဖော်ပြချက်အပေါ် တပ်မတော်အစိုးရက ၂၀၀၆ခုနှစ် ဧပြီလ ၁၇ရက်နေ့တွင် လက်ခံ အကောင်အထည်ဖော်ပေးရန်တို့ ဖြစ်ပါတယ်။

ဒီတော့ NLD ရဲ့ ထုတ်ပြန်ကြေညာချက်ဟာ အသစ်အဆန်း မဟုတ်ဘဲ ဒေါ်အောင်ဆန်းစုကြည်ပါဝင်တဲ့ တွေ့ဆုံဆွေးနွေးရေး ဖြစ်မြောက်ရေးကို အသွင်တစ်မျိုးနဲ့တောင်းဆိုလာခြင်းသာ ဖြစ်ပါတယ်။ NLD ရဲ့ တွေ့ဆုံဆွေးနွေးရေးအခြေခံကလည်း ၁၉၉၀ ရွေးကောက်ပွဲ ရလဒ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေမရှိဘဲ အသိအမှတ်ပြုရေး၊ တစ်နည်းအားဖြင့် NLDက သူ့ဘာသာသူရေးဆွဲထားတဲ့ ယာယီဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ အာဏာလွှဲပေးရေးပဲ ဖြစ်ပါတယ်။

ဘာကြောင့် ဒီလိုပြောနိုင်သလဲဆိုရင် NLD အဖွဲ့ချုပ်အနေနဲ့ တပ်မတော်အစိုးရကို စစ်အာဏာရှင် အစိုးရအဖြစ် ရှုမြင်သတ်မှတ်ထားပြီး အာဏာရှင်စနစ်ကျဆုံးရေးဟာ ဒီမိုကရေစီရေးအဖြစ် ခံယူထားတယ်။ ဒီ အခြေခံအရ အမျိုးသားညီလာခံဦးတည်ချက်တစ်ရပ်အဖြစ် ပါဝင်နေတဲ့ "အနာဂတ်အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍမှာ တပ်မတော်ပါဝင် ထမ်းဆောင်ရေး" ဆိုတဲ့အချက်ကြောင့် အမျိုးသားညီလာခံကို အတုအယောင်အဖြစ် ရှုမြင်ဆန့်ကျင်ခဲ့တာဖြစ်တယ်။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ်ကို NLD က ဆန့်ကျင်နေပြီး ၁၉၉၀ ရွေးကောက်ပွဲ ရလဒ် အသိအမှတ်ပြုရေးအတွက် တစ်ဖက်ကပြည်ပရောက် အစိုးရဆန့်ကျင်ရေးဝါဒီတွေက ကမ္ဘာကုန်ကျယ်သရွေ့ နည်းမျိုးစုံဖြင့် စည်းရုံးလှုပ်ရှားနေတာ၊ ကုလသမဂ္ဂအထိ သယ်ပြီး လုံခြုံရေးကောင်စီ ဖိအားနဲ့ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုရေး လုပ်ဆောင်လုံးပန်းနေတာတွေဟာ NLD ရဲ့ တွေ့ဆုံဆွေးနွေးရေး ရည်ရွယ်ချက်ကို ဖော်ပြနေပြီးဖြစ်တယ်။

အမှန်ကတော့ တပ်မတော်အစိုးရနဲ့ NLDအဖွဲ့ချုပ်တို့ ရင်ကြားစေ့မရနိုင်စေတဲ့အချက်တွေကို NLD အနေနဲ့ အလေးအနက်ပြန်လည်သုံးသပ်ပြင်ဆင်မှုမရှိသရွေ့ ဘယ်လိုဖိအားပေးမှုမျိုးနဲ့မျှ ရင်ကြားစေ့ရေးဟာ မရနိုင်သလို တွေ့ဆုံဆွေးနွေးမှုဟာလည်း ဘာအကျိုးသက်ရောက်မှုမျှ မရနိုင်ပါ။

(၁)အမှန်တရားဆိုတာ ဖြစ်ရပ်မှန်တွေကို အမှန်အတိုင်းရှုမြင်ပြီး အသိအမှတ်ပြုနိုင်မှုအပေါ်မှာ တည်တယ်လို့ အဆိုရှိပါတယ်။ ၁၉၈၈ ဆူပူအုံကြွမှုမှာ တိုင်းပြည်ဟာ မင်းမဲ့တိုင်းပြည်အသွင်သို့ ဆိုက်ရောက်နေပြီး နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနဲ့ တရား ဥပဒေ စိုးမိုးရေး ပျက်ပြားကာ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး မရှိနိုင်တော့တဲ့ အနေအထားအရ တပ်မတော်က နိုင်ငံတော်အာဏာကို ရယူပြီး ပုံမှန်အနေအထား ရောက်အောင်လုပ်ခဲ့တယ်။ ပြည်သူတွေမလို လားတဲ့ ဆိုရှယ်လစ်လမ်းစဉ်ကို ဖျက်သိမ်းပြီး ဈေးကွက်စီးပွားရေးနဲ့ ပါတီစုံစနစ်ကို ဖွင့်ပေးခဲ့တယ်။ ဒါဟာ တိုင်းကျိုးပြည်ပြု လုပ်ဆောင်ချက်၊ ဒီမိုကရေစီရေး လုပ်ဆောင်ချက် ဖြစ်တယ်။ ဒါကို ပြောင်းပြန်လှန်ပြီး ပြည်တွင်းပြည်ပ အစိုးရဆန့်ကျင်ရေး ဝါဒီတွေက ဒီမိုကရေစီရေးချိုးနှိမ်ပြီး စစ်တပ်က အာဏာသိမ်းတာ ဖြစ်တယ်လို့ အကောင်းကိုအဆိုး၊ အမှန်ကို အမှားအဖြစ် ရှုမြင်ခံယူခဲ့၊ ခံယူနေဆဲဖြစ်တယ်။

(၂) အာဏာရှင် အစိုးရလား၊ ဒီမိုကရေစီ အစိုးရလား အကဲဖြတ်ရာမှာ အသွင်သဏ္ဌာန်ဖြစ်တဲ့ လူကိုမကြည့်ဘဲ အနှစ်သာရဖြစ်တဲ့ ကာယကံမြောက်လုပ်ဆောင်နေတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး လမ်းစဉ်တွေဖြစ်တဲ့ (မူ)ကို ကြည့်ပြီးအကဲဖြတ်ရမယ့်အစား၊ စီးပွားရေး ဒီမိုကရေစီဖြစ်တဲ့ ဈေးကွက်စီးပွားရေးစနစ်ကို ကာယကံမြောက်ချမှတ် အကောင်အထည်ဖော်နေပါလျက်၊ နိုင်ငံရေးဒီမိုကရေစီအတွက် နိုင်ငံရေးပါတီတွေ ဖွဲ့စည်းထူထောင်ခွင့်ပေးခဲ့ပါလျက် တပ်မတော်အစိုးရကို စစ်အာဏာရှင်အစိုးရအဖြစ် ရှုမြင်သတ်မှတ်နေတယ်။ ဒါဟာ ကာယကံ မြောက်လုပ်ရပ်ဖြစ်တဲ့ မူကိုမကြည့်ဘဲ စစ်တပ်ဆိုတဲ့ လူကိုကြည့်ပြီး ဆုံးဖြတ်နေတာဖြစ်တယ်။

ဒီလိုဒိဋ္ဌနည်းနဲ့မဟုတ်ဘဲ စိတ္တဇနည်းနဲ့ဖြစ်ရပ်တွေ၊ လုပ်ဆောင်ချက်တွေကို ကိုယ်လိုရာဆွဲယူ ရှုမြင်ခံယူမှုတွေမှ သက်ရောက်လာတဲ့ အကျိုးတွေကတော့ အာဏာရှင်စနစ်ကျဆုံးမှ ဒီမိုကရေစီ ရမယ်ဆိုတဲ့ အယူမှားနဲ့ တပ်မတော်အစိုးရပြုတ်ကျရေး၊ NLD အာဏာရရေးကို ဒီမိုကရေစီရေးအဖြစ်လွဲမှားစွာခံယူခဲ့တယ်။ပထမကာလမှာ ထိပ်တိုက်ရင်ဆိုင်ရေး၊ အာဏာဖီဆန်ရေးလမ်းစဉ်ဖြင့် လူထုဆူပူအုံကြွမှုတွေနဲ့ တပ်မတော်အစိုးရ ဖြုတ်ချနိုင်ရေးကို စည်းရုံးလှုံ့ဆော်ဆန့်ကျင်ခဲ့ကြတယ်။ ဥပဒေတွင်း၊ ဥပဒေပနည်းတွေနဲ့ တပ်မတော်အစိုးရကို ဆန့်ကျင်တဲ့ လုပ်ဆောင်ချက် အားလုံးကို ဒီမိုကရေစီရေးလုပ်ဆောင်မှုတွေအဖြစ် ခံယူလုပ်ဆောင်နေကြတယ်။

ကမ္ဘာ့သမိုင်းမှာ နိုင်ငံရေးဒီမိုကရေစီဖြစ်တဲ့ ပါလီမန်ဒီမိုကရေစီစနစ်ဟာ စီးပွားရေးဒီမိုကရေစီဖြစ်တဲ့ ဈေးကွက်စီးပွားရေး ပီပြင်တိုးတက်လာမှုနဲ့အညီ တိုင်းရင်းသားခနရှင် လူတန်းစားရယ်၊ လူလတ်တန်းစားရယ်၊ ခေတ်မီစက်ရုံ အလုပ်သမားလူတန်းစားရယ်တို့လို ကုန်လုပ်စွမ်းအားစုတွေ တိုးတက်ဖြစ်ပေါ်လာမှုကြောင့် တိုင်းရင်းသားခနရှင်လူတန်းစားရဲ့ ရှေ့ဆောင်မှုနဲ့ အလုပ်သမား၊လယ်သမားလူတန်းစားတို့ရဲ့ ထောက်ခံမှုတို့အရ ဖြစ်ပေါ်လာတဲ့ နိုင်ငံရေးစနစ်ဖြစ်တယ်။ အခြေခံအားဖြင့် ဈေးကွက်စီးပွားရေး ပီပြင်တိုးတက်မှုမှ သက်ရောက်လာတဲ့အကျိုး(ဝါ) အသီးအပွင့်ဖြစ်တယ်။

သို့သော် ယနေ့ကာလ အနောက်အုပ်စုနိုင်ငံတွေနဲ့ သူတို့ဩဇာခံတွေ၊ မြန်မာနိုင်ငံမှ ပြည်တွင်း၊ပြည်ပအစိုးရဆန့်ကျင်ရေးဝါဒီတွေကတော့ တည်ဆဲတပ်မတော်အစိုးရကို စစ်အာဏာရှင်အစိုးရအဖြစ် သတ်မှတ်နေဆဲဖြစ်တယ်။ စီးပွားရေးပိတ်ဆို့မှုတွေကြောင့် တိုင်းပြည်နဲ့လူထုတွေ စီးပွားရေး ချွတ်ခြုံကျပြီး လူထုဆူပူအုံကြွမှုဖြင့် တည်ဆဲတပ်မတော်အစိုးရပြုတ်ကျပြီး NLD အာဏာရရင် ဒီမိုကရေစီရပြီလို့ ခံယူနေကြတယ်။ သူတို့ဟာ ပါတီအဖွဲ့အစည်း အကျိုးကိုမကြည့်ဘဲ လူထုအကျိုးကို ကြည့်ပါတယ်လို့ပါးစပ်က ပြောနေသော်လည်း လက်တွေ့မှာ လူထုအကျိုးကိုမကြည့်ဘဲ NLD အာဏာရရေးကို လူထုအကျိုးအဖြစ်လှည့်စားလုပ်ဆောင်နေကြတာ တွေ့ရမှာဖြစ်တယ်။

သူတို့ဟာ ပထမကမ္ဘာစစ်ကြောင့် တိုင်းပြည်တွေနဲ့ ပြည်သူတွေမွဲပြာကျသွားတဲ့ ဂျာမနီ၊ အီတလီ၊ ဂျပန်တို့မှာ နာဇီဝါဒအသွင်ဆောင်တဲ့ အာဏာရှင်စနစ်တွေပေါ်ခဲ့ပြီး ဒုတိယကမ္ဘာစစ်ကြီး ထပ်ဖြစ်ခဲ့ရတဲ့ သမိုင်းသင်ခန်းစာ၊ဒုတိယကမ္ဘာစစ်ကြောင့် ကမ္ဘာ့အတိုင်းတိုင်းအပြည်ပြည် မွဲပြာကျသွားမှုနဲ့ ကုန်လုပ်စွမ်းအားစုတွေ ကျေပျက်ကုန်မှုဟာ အရင်းရှင်စနစ် တိုက်ဖျက်ရေး၊ ဆိုရှယ်လစ်စနစ်တည်ဆောက်ရေး (ဆိုရှယ်လစ်ဝါဒ အတု) ကမ္ဘာကြီးကို လွှမ်းမိုးစေခဲ့ပြီး ဆိုရှယ်လစ်အမည်ခံ တစ်ပါတီ အာဏာရှင် စနစ်အောက်ရောက်တဲ့ တိုင်းပြည်ရောက်၊ အရင်းရှင်စနစ် တိုက်ဖျက်ရေး၊ ဆိုရှယ်လစ်စနစ်တည်ဆောက်ရေး သူပုန်တွေ ကမ္ဘာအနှံ့ ပေါ်ခဲ့ကာ ယနေ့ကာလအထိ အတောမသတ်နိုင်သေးတဲ့ သမိုင်းဖြစ်ရပ်တွေ၊ ဒုတိယကမ္ဘာစစ်အပြီးမှာတော့ စီးပွားရေး(အရင်းရှင်စနစ်) တိုးတက်လာမှုနဲ့အညီ ဂျာမနီ၊ အီတလီ၊ ဂျပန်စတဲ့ အာဏာရှင်တိုင်းပြည်တွေဟာ ပါလီမန် ဒီမိုကရေစီသမ္မတနိုင်ငံအဖြစ်သို့ ဆိုက်ရောက်ခဲ့တဲ့ သမိုင်းသင်ခန်းစာတွေကို မျက်ကွယ်ပြု ကန့်လန့်ကာချထားကြတယ်။ စီးပွားရေးပိတ်ဆို့မှုတွေနဲ့ ဈေးကွက်စီးပွားရေးကို ဆန့်ကျင်နေကြတယ်။ ဒါတွေကို အာဏာရှင်စနစ်ဆန့်ကျင်ပြီး ဒီမိုကရေစီစနစ်အတွက် တိုက်ပွဲဝင်နေတာလို့ လိမ်လည်ဝါဒဖြန့်နေကြတယ်။ စီးပွားရေးပိတ်ဆို့ ဖိအားပေးမှုတွေနဲ့ တည်ဆဲတပ်မတော်အစိုးရ ပြုတ်ကျပြီး NLD အာဏာရရုံနဲ့ ဒီမိုကရေစီစနစ်ဖြစ်နိုင်တယ်လို့ ရိုးအ မိုက်မဲစွာ ယုံကြည်နေကြတယ်။ ဒီတော့ မြန်မာနိုင်ငံ ဒီမိုကရေစီဖြစ်ပေါ်ရေးမှာ စီးပွားရေး၊ နိုင်ငံရေးပိတ်ဆို့ဖိအားပေးမှုတွေကိုလည်း ဒီမိုကရေစီရေးဟုဆိုကာ တစ်နေ့ထက်တစ်နေ့ တိုးမြှင့်ဖိအားပေးဖို့ နိုင်ငံတကာကို တောင်းဆိုနေကြတယ်။

(၃) အနောက်အုပ်စုနိုင်ငံတွေနဲ့ မြန်မာ့ဒီမိုကရေစီရေးကို ကြားဝင်စေ့စပ်ပေးသူတွေကလည်း ပြည်တွင်း၊ ပြည်ပအစိုးရဆန့်ကျင်ရေးဝါဒီတွေရဲ့ စီးပွားရေးပိတ်ဆို့ဖိအားပေးရေးနဲ့ တပ်မတော်အစိုးရက ကာယကံမှု လုပ်ဆောင်နေတဲ့ ဈေးကွက်စီးပွားရေးကို ဆန့်ကျင်တဲ့သဘောထား လုပ်ဆောင်ချက်တွေ၊ နိုင်ငံရေး ဒီမိုကရေစီအတွက် ရွေးကောက်ပွဲကျင်းပပေးပြီး ပါလီမန်ဒီမိုကရေစီထုံးစဉ်လာနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ရွေးကောက်ပွဲရလဒ် အကောင်အထည်ဖော်ရေးကို ဆန့်ကျင်ငြင်းဆန်ခဲ့တာတွေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး အမျိုးသားညီလာခံကို ဆန့်ကျင်နေတာတွေ စတဲ့ စီးပွားရေး၊ နိုင်ငံရေးတို့အရ ဒီမိုကရေစီဆန့်ကျင်ရေး သဘောထားလုပ်ဆောင်ချက်တွေကို အမှန်အတိုင်း ရှုမြင်ဝေဖန် အကြံပေးရမည့်အစား အသွင်အားဖြင့် အစိုးရဆန့်ကျင်ရေး၊အနှစ်သာရအားဖြင့် စီးပွား ရေး၊ နိုင်ငံရေး၊ ဒီမိုကရေစီရေးဆန့်ကျင်တဲ့ လုပ်ဆောင်ချက်မှန်သမျှကို ဒီမိုကရေစီ တိုက်ပွဲဝင်မှုအဖြစ် ထောက်ခံအားပေးကူညီနေကြတယ်။

အထက်ပါ အကြောင်းအရာတွေဟာ မြန်မာနိုင်ငံဒီမိုကရေစီ ဖော်ဆောင်ရေးမှာတပ်မတော်အစိုးရရဲ့ ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းရေးကို ဆန့်ကျင်ပြီး ဒီမိုကရေစီဖော်ဆောင်ရေးကို နှောင့်နှေးကြန့်ကြာစေတဲ့ အကြောင်းတရားတွေ၊ အမျိုးသားရင်ကြားစေ့ရေးနဲ့ ဝေးကွာစေတဲ့ အကြောင်းတရားတွေ ဖြစ်ခဲ့၊ ဖြစ်ဆဲဖြစ်ပါတယ်။

အမှန်ကတော့ မြန်မာနိုင်ငံဟာ အင်္ဂလိပ်ကိုလိုနီလက်အောက်ခံဘဝမှာ နှစ်ပေါင်း ၁၂၃ နှစ်ကြာခဲ့သော်လည်း အရင်းရှင်စနစ်ဖြစ်ထွန်းခွင့် (ဈေးကွက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးခွင့်) မရခဲ့တဲ့ ခေတ်နောက်ကျမြေယာနဲ့ သဘာဝကုန်ကြမ်းထုတ်လုပ်တဲ့ တိုင်းပြည်အဆင့်မှာသာရှိခဲ့ပါတယ်။ ဒါ့ကြောင့် ဈေးကွက်စီးပွားရေးဖြစ်ထွန်းတိုးတက်မှုမရှိခဲ့တာနှင့်အညီ တိုင်းရင်းသား ခနရှင်လူတန်းစား မရှိခဲ့သလို ခေတ်မီအလုပ်သမားလူတန်းစားနဲ့ လူလတ်တန်းစားလည်း ဟုတ်တိပတ်တိ မရှိခဲ့တာကြောင့် ပါလီမန်ဒီမိုကရေစီအတွက် ရုပ်အခြေခံမရှိခဲ့ပါ။

ဒီအချက်ဟာ အရှေ့အာရှမှာ အကြီးမားအကျယ်ပြန့်ဆုံးသော ရောင်စုံသောင်းကျန်းမှုကြီး ဖြစ်ပေါ်စေခဲ့ပြီး ဖဆပလပါလီမန် ဒီမိုကရေစီ (၁၄)နှစ်နဲ့ ကျဆုံးပျောက်ကွယ်ခဲ့ရတဲ့ အကြောင်းရင်းဖြစ်တယ်။ ဖဆပလကျဆုံးသွားပြီး ဒီမိုကရေစီရုပ်အခြေခံမရှိမှုနဲ့ ပြည်ထောင်စုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို တာဝန်ယူထိန်းသိမ်းနိုင်တဲ့ နိုင်ငံရေးပါတီမရှိမှုတွေကြောင့် ၁၉၆၂ခုနှစ်မှာ တပ်မတော်က နိုင်ငံတော်အာဏာကိုရယူပြီး ထိန်းသိမ်းခဲ့ရတဲ့အခြေအနေကို ရောက်ရှိစေခဲ့တယ်။

အဲဒီကာလက တော်လှန်ရေးကောင်စီအစိုးရဟာ နိုင်ငံတော်အာဏာကိုရယူပြီး အရင်းရှင်စနစ် တည်ဆောက်မလား၊ ဆိုရှယ်လစ်စနစ်တည်ဆောက်မလားဆိုတဲ့ မေးခွန်းနဲ့ရင်ဆိုင်ခဲ့ရတယ်။ အဲဒီတုန်းကမြေရှင်တစ်ပိုင်း၊ အရင်းရှင်တစ်ပိုင်း အင်္ဂလိပ်ကိုလိုနီအစိုးရကို အရင်းရှင်အစိုးရအဖြစ် ကမ္ဘာနှင့်အဝှမ်း ရှုမြင်နားလည်ခံယူနေကြတာတွေ၊ ကမ္ဘာနဲ့အဝှမ်းနယ်ချဲ့ စိုးမိုးခြယ်လှယ်ခဲ့တာတွေ၊ အရင်းရှင်စနစ်ဟာ ဖောက်ပြန်ပုပ်သိုးသေနာကျနေပြီ၊ ဒုတိယကမ္ဘာစစ်ကြောင့်မွဲပြာကျနေတဲ့ ကမ္ဘာနဲ့မြန်မာပြည်သူတွေအတွက်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

ယနေ့မြန်မာနိုင်ငံရဲ့ ရုပ်ဘဝဖြစ်တဲ့ ကုန်လုပ်စွမ်းအားစုတွေ အနေအထားအရ ဖြစ်သင့်ဖြစ်ထိုက်တာက –

NLD အဖွဲ့ချုပ်ဟာ တပ်မတော်အစိုးရကို မဟာမိတ်ပြုလက်တွဲပြီး နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေးကို တည်ဆောက်သော ဈေးကွက်စီးပွားရေး ပီပြင်တိုးတက်အောင် လုပ်ဆောင်သင့်ပါတယ်။ ဒါမှသာ စစ်မှန်ခိုင်မြဲသော ဒီမိုကရေစီစနစ်အတွက် လိုအပ်တဲ့ ရုပ်ဝတ္ထု ကုန်လုပ်စွမ်းအားစုတွေ ဖြစ်ပေါ်လာမှာဖြစ်တယ်။

ဒါမှသာ ဈေးကွက်စီးပွားရေး ပီပြင်တိုးတက်လာသည်နှင့်အမျှ တိုင်းရင်းသား ခနရှင်လူတန်းစား ကြီးထွားလာသလောက် ခေတ်မီအလုပ်သမားလူတန်းစားနဲ့ ပညာတတ် လူလတ်တန်းစားတွေ ဖြစ်ပေါ် တိုးတက်လာတဲ့ အတိုင်းအတာနဲ့အညီ စနစ်သစ်ဖြစ်တဲ့ ဒီမိုကရေစီထုံးစဉ်လာတွေဟာ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်မြင့်မားကာ စစ်မှန်ခိုင်မြဲသော ဒီမိုကရေစီနိုင်ငံ ဖြစ်လာပါလိမ့်မယ်။ ဒီလိုသဘာဝတရားနဲ့အညီ ဖြစ်ပေါ်တိုးတက်လာသည်နှင့်အမျှ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍဟာလည်း လိုက်လျောညီထွေ ပြောင်းလဲလာပါလိမ့်မယ်။

အင်တာနက် သတင်းများ

▲ **ရွှေပြားကပ်ထားသောမှ**

ကနေဒါနိုင်ငံမှ ကုမ္ပဏီတစ်ခုသည် ဂေါက်သီးအားကစားဆိုင်ရာပစ္စည်းများ ရောင်းချရမှု မြှင့်တင်နိုင်ကာ ဈေးကွက်ထိုးဖောက်မှုများ တိုးတက်ပြုလုပ်နိုင်စေရန် ရည်ရွယ်လျက် စတန့်ထွင်လုံးအဖြစ် အာကာသတွင် ဂေါက်သီးကစားရန် ရုရှားရှိစကိုစမော့အာကာသအေဂျင်စီနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့သည်။ အဆိုပါကနေဒါကုမ္ပဏီသည်အာကာသကြော်ငြာအတွက် ရုရှားအာကာသအေဂျင်စီကို ငွေကြေးမည်မျှပေးရသည်ကို မသိရပေ။

လာမည့် ဇူလိုင်လဝန်းကျင်တွင် နိုင်ငံတကာ အာကာသစခန်းယာဉ်မှ အာကာသယာဉ်မှူးများ အာကာသအတွင်းသို့ထွက်ကာ အလုပ်လုပ်ကိုင်သည့်အခါ အာကာသစခန်းယာဉ်အပြင်ဘက်တွင် ဂေါက်သီးဘောလုံးတင် တီခုံတစ်ခုကို တပ်ဆင်မည်ဟု မျှော်လင့်ရသည်။ ရုရှားအာကာသယာဉ်မှူးဗင်နိုဂရာဒေါ့ဗ်သည် အာကာသဝတ်စုံ မလွတ်မလပ်ဖြင့် ခဲရာခဲဆစ် ဂေါက်သီးရိုက်မည်ဖြစ်သည်။

အကယ်၍ အစီအစဉ် ပြုလုပ်ထားသည့်အတိုင်း ဂေါက်သီးကစားနိုင်မည်ဆိုပါက ရွှေချထားသော ဂေါက်သီးဘောလုံးငယ်လေးသည် သုံးနှစ်မှ လေးနှစ်အထိ ကြာမြင့်သည့်ကာလအတွင်း ကီလိုမီတာ သန်း ၃၀၀၀ ကျော် အကွာအဝေးအထိ ခရီးနှင်ကာ နောက်ဆုံးတွင် ကမ္ဘာ့လေထုလွှာအတွင်း ဝင်ရောက်လာချိန်၌ မီးလောင်ပျောက်ကွယ် သွားမည်ဖြစ်သည်။ ဂေါက်သီးဘောလုံးကို ရွှေချထားခြင်းမှာ ကမ္ဘာမြေပြင်မှနေ၍ ယင်းဂေါက်သီးဘောလုံး၏ ရွေ့လျားရာလမ်းကြောင်းနှင့်ပတ်သက်၍ ခြေရာခံရှာဖွေနိုင်ရန် ဖြစ်သည်။

အမေရိကန် အာကာသအေဂျင်စီကမူ အာကာသအတွင်း ဂေါက်သီးကစားခြင်း၏ ဘေးအန္တရာယ်ကြီးမားပုံကို လေ့လာလျက်ရှိသည်။ ဂေါက်သီးဘောလုံးသည် နိုင်ငံတကာ အာကာသစခန်းယာဉ်ရှိ နေရောင်ခြည်စွမ်းအင်ထုတ်ယူရာတွင် အသုံးပြုသော ရောင်ခံပြားကို မတော်တဆထိမှန်ပျက်စီးနိုင်သည့် အန္တရာယ်ရှိကြောင်း၊ ဂေါက်သီးဘောလုံးကို ဂြိုဟ်ပတ်လမ်းကြောင်းအတွင်းသို့ ရိုက်ထုတ်ချိန်တွင် လိုရာခရီးမရောက်ဘဲ အာကာသစခန်းယာဉ်ကို ထိမှန်ပါက တစ်နာရီလျှင် ကီလိုမီတာ ၁၀၀ နှုန်းဖြင့် မောင်းနှင်နေသော ခြောက်တန်ထရပ်ကားကြီးတစ်စီး၏ အရှိန်အဟုန်ဖြင့် တိုက်မိသည့်သဘောဖြစ်လိမ့်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်တစ်ဦးက ပြောကြားသည်။ **(အင်တာနက်)**

မတ် ၃၀ရက်တွင် နိုင်ငံတကာ အာကာသစခန်းယာဉ်သို့ ထွက်ခွာမည့် ရုရှားအာကာသယာဉ် ပျံသန်းရေးအင်ဂျင်နီယာ ပါဗယ်လ်ဗင်နိုဂရာဒေါ့ဗ် (ဝဲစွန်)၊ အမေရိကန်အာကာသယာဉ်မှူး ဂျက်ဖရီဝီလျံနှင့် ဘရာဇီးနိုင်ငံ၏ ပထမဆုံးသော အာကာသယာဉ်မှူး မားကို့စ်ပွန်းတပ်စ်တို့အား ကာဇက်စတန်နိုင်ငံ ဘေကွန်နာအာကာသစခန်းတွင် မတ် ၂၆ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တိုင်းရင်းဆေးဝါး နိုင်ငံတကာသုတေသနအစီအစဉ် တရုတ်သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ကြေညာ

ပေကျင်း မတ် ၂၇

ကမ္ဘာပေါ်တွင် သစ်ဥသစ်ဖုမှ ဆေးဝါးထုတ်လုပ်သည့် နိုင်ငံအဖြစ် ထင်ပေါ်ကျော်ကြားသော တရုတ်နိုင်ငံသည် တိုင်းရင်းဆေးဝါးများအား ခေတ်မီသိပ္ပံနည်းစနစ်များဖြင့်ပြုပြင်ထုတ်လုပ်သွားနိုင်ရန် တိုင်းရင်းဆေးဝါး နိုင်ငံတကာ သုတေသနအစီအစဉ်တစ်ရပ်ကို ထုတ်ပြန်ကြေညာလိုက်ကြောင်း မတ် ၂၆ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံက ကမကထပြုကာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး နိုင်ငံတကာသုတေသန အစီအစဉ်တစ်ရပ်ကိုထုတ်ပြန်ကြေညာခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ အထက်တန်းတာဝန်ရှိသူတစ်ဦးဖြစ်သူ ကျင်ကျောင်မင်းက ပြောကြားသည်။

အားပေးထောက်ခံ

တိုင်းရင်းဆေးဝါးများကို ခေတ်မီနည်းစနစ်များဖြင့် ထုတ်လုပ်နိုင်ရေးအတွက် ရည်ရွယ်ဆောင်ရွက်သော နိုင်ငံတကာ သုတေသနအစီအစဉ်ကို ကမ္ဘာ့နိုင်ငံများက အားပေးထောက်ခံကြကြောင်း၊ အရှေ့တိုင်း၏ ရိုးရာတိုင်းရင်းဆေးဝါးသုတေသနလုပ်ငန်းကို အနောက်နိုင်ငံများရှိ သိပ္ပံအဖွဲ့အစည်းများက လိုလားစွာ ကြိုဆိုကြကြောင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဌာန၏ ညွှန်ကြားရေးမှူး ကျင်ကျောင်မင်းက ပြောကြားသည်။

အမေရိကန် အမျိုးသားကျန်းမာရေးသိပ္ပံတိုင်းရင်းဆေးဝါး နိုင်ငံတကာ သုတေသနအစီအစဉ်တွင် ပါဝင်ဆောင်ရွက်ရန် ထုတ်ဖော်ပြောကြားလာကြောင်း၊ ဒိန်းမတ်၊ အီတလီစသည့် ဥရောပနိုင်ငံများအပြင် အာရှနိုင်ငံအများစုက ယင်းအစီအစဉ်ကို အားတက်သရော ထောက်ခံအားပေးကြောင်း ၎င်းကပြောကြားသည်။

အင်တာနက်။

တရုတ်နိုင်ငံ မြို့တော်ပေကျင်းရှိ ရိုးရာတိုင်းရင်းဆေးဝါး ရောင်းချသည့် ဆိုင်တစ်ဆိုင်ကို မတ် ၂၇ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပြုစုကုသ အောင်ပွဲရ မူးယစ်ကင်းစင်ဘဝ

☆ **စာမျက်နှာ ၆ ဆောင်းပါးမှအဆက်**

မွဲပြာကျမှုမှ လွတ်မြောက်ရေးအတွက် ထွက်ရပ်လမ်းဟာ ဆိုရှယ်လစ်စနစ်တည်ဆောက်ရေးသာဖြစ်တယ်လို့ ကမ္ဘာနဲ့မြန်မာ ပြည်သူတွေ၊ မြန်မာနိုင်ငံရေးပါတီတွေအားလုံးက လွဲမှားခံယူခဲ့တာတွေကြောင့် ဒီဝါဒဖြန့်ဝါဒကို မလွန်ဆန်သာတဲ့ တော်လှန်ရေးကောင်စီ အစိုးရဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ချမှတ်ကျင့်သုံးလိုက်ရတဲ့အတွက် ပုဂ္ဂလိကအရင်းအနှီး အားလုံးကို ပြည်သူပိုင်သိမ်းလိုက်ခြင်းဖြင့် တိုင်းပြည်ဟာ "လူတန်းစားမဲ့လူ့အဖွဲ့အစည်း"ဘဝသို့ ဆိုက်ရောက်ခဲ့ရတယ်။

၁၉၈၈ခုနှစ် တပ်မတော်အစိုးရအာဏာရလာပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို ဖျက်သိမ်းကာ ဈေးကွက်စီးပွားရေးနဲ့ ပါတီစုံစနစ်ကို ဖွင့်ပေးလိုက်ချိန်ရောက်ပြီး ကာယကံမြောက် လုပ်ဆောင်လာချိန်ကျမှ လူတန်းစားတွေ ပြန်လည်ပေါ်ထွက်လာခဲ့ရတာဖြစ်တယ်။

ဒီလိုအခြေအနေမျိုးမှာ၊ စနစ်သစ်တစ်ခုဖြစ်ပေါ်လာရေးမှာ ဘယ်လိုသဘာဝရှိတယ်ဆိုတာ ခေတ်သစ်သိပ္ပံနိုင်ငံရေး ဘောဂဗေဒက ဘယ်လိုဆိုညွှန်းထားသလဲဆိုရင်-

"ကုန်လုပ်စွမ်းအားစုတွေဟာ လူမှုဆက်ဆံရေးစနစ်ထဲမှာ နေရာဝင်ဆံ့နေသေးတဲ့အတွက် အဲဒီကုန်လုပ်စွမ်းအားစုတွေ အားလုံး ဖွံ့ဖြိုးတိုးတက်မလာသေးမီ ဘယ်လူမှုဆက်ဆံရေးစနစ်မှ ပျက်စီးချုပ်ငြိမ်းသွားရိုးမရှိခဲ့ဘူး" (ဆိုလိုတာက ကုန်လုပ်စွမ်းအားစုတွေ ဖြစ်ပေါ်တိုးတက်မှုနည်းနေသေးရင် စနစ်ဟောင်း၊ ထုံးစဉ်လာဟောင်းတွေ ပျောက်ကွယ် ချုပ်ငြိမ်းမှုမဖြစ်နိုင်သေးဘူးဆိုတဲ့ အဓိပ္ပာယ်ဖြစ်တယ်) ရုပ်ဝတ္ထုအခြေအနေစုံတွေကို အမှီပြုပြီး ကုန်လုပ်ဆက်ဆံရေးတွေ တည်ရှိနေတာဖြစ်တယ်။ (ဆိုလိုတာက ဒီရုပ်ဝတ္ထု အခြေခံတွေပေါ်မှာ ဒီမိုကရေစီနဲ့လူ့အခွင့် အရေးဆိုတာတွေ ဖြစ်ပေါ်လာတာဖြစ်တယ်လို့ ဆိုလိုတယ်) ဒါကိုနောက်တစ်နည်းနဲ့ ဘယ်လိုသွန်သင်ထားသေးသလဲဆိုရင် "ကမ္ဘာပေါ်မှာ ဘယ်တန်ခိုး အင်အားကမျှ တားမရနိုင်တဲ့ အရာတစ်ရပ်ရှိပါတယ်။ အဲဒါကတော့ ကုန်လုပ်စွမ်းအားစုတွေနဲ့အညီ ကုန်လုပ်ဆက်ဆံရေးတွေ (ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတွေ)ဟာ လိုက်ပါပြောင်းလဲရတယ်ဆို တာဖြစ်တယ်။ အင်္ဂလန်၊ အမေရိကန်လို ဈေးကွက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနဲ့ အဲဒီကကုန်လုပ်စွမ်းအားစုမျိုး မရှိဘဲ အင်္ဂလန်၊ အမေရိကန်ဒီမိုကရေစီကို ပုံတူကူးကျင့်သုံးရင် ဘယ်လိုကံကြမ္မာဆိုးနဲ့တိုးရတယ်ဆိုတာ ဆိုဗီယက်ယူနီယံက ခွဲထွက်သွားတဲ့တိုင်းပြည်တွေကို လေ့လာသင်ခန်းစာ ယူသင့်ပါတယ်။

နောက်ထပ် ဘယ်လိုဆက်ပြီး ညွှန်းထားသေးသလဲဆိုရင် "ဒီတော့လူ့အဖွဲ့အစည်းဟောင်းကိုယ်တိုင်ရဲ့ ဝမ်းဗိုက်ထဲမှာ ရုပ်ဝတ္ထု အခြေအနေစုံတွေ (ကုန်လုပ်စွမ်းအားစုတွေ) ကြီးထွားမလာသေးခင် ပိုပြီးမြင့်မားတဲ့ ကုန်လုပ်ဆက်ဆံရေး စနစ်သစ်တွေ (ဒီမိုကရေစီ ထုံးစဉ်လာတွေ)ဟာ ဘယ်တော့မှပေါ်ပေါက်မလာဘူး။ ဒါကြောင့် လူ့လောကဟာ မိမိဖြေရှင်းနိုင်စွမ်းရှိတဲ့ လုပ်ငန်းတာဝန်မျိုးတွေကိုသာ သယ်ပိုးထမ်းဆောင်လေ့ရှိတယ်။ ဒီကိစ္စကို အနီးကပ်ပိုပြီး စေ့စေ့စပ်စပ်ကြည့်ရှုလေ့လာမယ်ဆိုရင် လုပ်ငန်းတာဝန်ကိုဖြေရှင်းထမ်းဆောင်နိုင်ဖို့ လိုအပ်တဲ့ရုပ်ဝတ္ထု အခြေအနေစုံတွေဟာ အဆင်သင့် တည်ရှိနေပြီး ဒါမှမဟုတ် အနည်းဆုံးပြောရရင်ဖြစ်ပေါ်နေဆဲ အချိန်ရောက်တော့မှသာ လုပ်ငန်းတာဝန်ဟာ ပေါ်ပေါက်လာတော့တယ်ဆိုတာကို အမြဲတွေ့ရ လိမ့်မယ်"

အထက်ပါသွန်သင် ညွှန်ပြချက်တွေအရ ယနေ့မြန်မာနိုင်ငံရဲ့ ရုပ်ဘဝဖြစ်တဲ့ ကုန်လုပ်စွမ်းအားစုတွေ အနေအထားအရ ဖြစ်သင့်ဖြစ် ထိုက်တာက-

NLD အဖွဲ့ချုပ်ဟာ တပ်မတော်အစိုးရကို မဟာမိတ်ပြု လက်တွဲပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်သော ဈေးကွက်စီးပွားရေး ပီပြင်တိုးတက်အောင်လုပ်ဆောင်သင့်ပါတယ်။ ဒါမှသာ စစ်မှန်ခိုင်မြဲသော ဒီမိုကရေစီစနစ်အတွက် လိုအပ်တဲ့ ရုပ်ဝတ္ထု ကုန်လုပ်စွမ်းအားစုတွေ ဖြစ်ပေါ်လာမှာဖြစ်တယ်။

ဒါမှသာ ဈေးကွက်စီးပွားရေး ပီပြင်တိုးတက်လာသည်နှင့်အမျှ တိုင်းရင်းသား ဓနရှင်လူတန်းစားကြီးထွားလာသလောက် ခေတ်မီအလုပ်သမားလူတန်းစားနဲ့ ပညာတတ်လူလတ်တန်းစားတွေ ဖြစ်ပေါ်တိုးတက်လာတဲ့ အတိုင်းအတာနဲ့အညီ စနစ်သစ်ဖြစ်တဲ့ ဒီမိုကရေစီထုံးစဉ်လာတွေဟာ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်မြင့်မားကာ စစ်မှန်ခိုင်မြဲသော ဒီမိုကရေစီနိုင်ငံဖြစ်လာပါလိမ့်မယ်။ ဒီလိုသဘာဝတရားနဲ့အညီ ဖြစ်ပေါ်တိုးတက်လာသည်နှင့်အမျှ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍဟာလည်း လိုက်လျောညီထွေ ပြောင်းလဲလာပါလိမ့်မယ်။

ဒါကြောင့် ပြည်တွင်းပြည်ပ အစိုးရဆန့်ကျင်ရေးဝါဒီတွေ၊ မြန်မာ့ဒီမိုကရေစီရေးကို ထောက်ခံအားပေးနေပါတယ်ဆိုသူတွေဟာ လူ့သမိုင်းရဲ့ တိုးတက်ဖြစ်ပေါ်ရေး သဘာဝတရားတွေကိုဆန့်ကျင်ပြီး 'အာဏာရှင်စနစ်ကျဆုံးရေး၊ ဒီမိုကရေစီထူထောင်ရေး' လုပ်ဆောင်နေတာတွေဟာ တိုင်းပြည်မှာလည်း မလိုလားအပ်တဲ့ အနိဋ္ဌာရုံတွေ ဖြစ်ပေါ်စေကာ အကျဉ်းသားဘဝ ဆိုက်ရောက်ရတဲ့ဖြစ်ရပ်၊ ပြည်ပြေးဘဝသို့ ဆိုက်ရောက်ရတဲ့ဖြစ်ရပ်တွေဟာ အာဏာရှင်စနစ်ရဲ့ မတရားဖိနှိပ်မှုလို့ဆိုပြီး ဖြစ်ရပ်မှန်ကို ပြောင်းပြန်လုပ်ပြီး ရှုမြင်ခံယူနေမယ့်အစား ဒါတွေဟာ သဘာဝတရားကိုဆန့်ကျင်နေခြင်းမှသက်ရောက်လာတဲ့ အကျိုးတွေသာဖြစ်ကြောင်း ပြန်လည်လေ့လာဆန်းစစ်သုံးသပ်သိမြင် နားလည်ကြရန် အချိန်တန်ပါပြီ။ **"သဘာဝတရားကို သိမြင်ခြင်းဟာ လွတ်လပ်ရေးမည်တယ်၊ သဘာဝတရားကို ဆန့်ကျင်ခြင်းဟာ ပျက်စီးရေးမည်တယ်"** ဆိုတဲ့ သဘာဝသိပ္ပံရဲ့ သွန်သင်ညွှန်ပြထားတာနဲ့အညီ အလေးအနက် ပြန်လည်သုံးသပ်ဖို့ လိုအပ်နေပါပြီ။

(၁) တပ်မတော်အစိုးရကို အကဲဖြတ်ရာမှာမူဖြစ်တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလမ်းစဉ်တွေနဲ့ ကာယကံမြောက်လုပ်ဆောင်ချက်မှုကို မကြည့်ဘဲ စစ်တပ်ဆိုတဲ့ လူကိုကြည့်ပြီး စစ်အာဏာရှင်အစိုးရအဖြစ် သတ်မှတ်ကာ အာဏာရှင်စနစ်ကျဆုံးမှ ဒီမိုကရေစီရမယ်ဆိုပြီး ဥပဒေတွင်း ဥပဒေပနည်းတွေ၊ စီးပွားရေး၊ နိုင်ငံရေးပိတ်ဆို့မှုတွေနဲ့ လူထုဆူပူအုံကြွမှုတွေဖန်တီးပြီး အာဏာရယူရေး ကြိုးပမ်းမှုတွေအစား တပ်မတော်အစိုးရကို မဟာမိတ်အဖြစ် လက်တွဲပူးပေါင်းပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနဲ့ ဈေးကွက်စီးပွားရေး ပီပြင်တိုးတက်ရေးကို လုပ်ဆောင်ခြင်း။

(၂) နိုင်ငံတကာမှ စီးပွားရေးပိတ်ဆို့မှုတွေကြောင့် အာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်သို့ ကူးပြောင်းခဲ့တဲ့ တိုင်းပြည်ရယ်လို့ ကမ္ဘာမှာ လက်ညှိုးထိုးပြစရာတစ်ခုမှမရှိသေးဘဲ ဈေးကွက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ကူညီမှုကသာ နာဇီဝါဒ၊ ဖက်ဆစ်ဝါဒတွေ ပျောက်ကွယ်ပြီး ဒီမိုကရေစီနိုင်ငံတွေအဖြစ်သို့ အသွင်ကူးပြောင်းသွားခဲ့ကြတဲ့ ထိုင်း၊ တောင်ကိုရီးယား၊ အင်ဒိုနီးရှားအစရှိတဲ့ တိုင်းပြည်တွေရဲ့ ဘဝဖြစ်စဉ် သင်ခန်းစာတွေကို အလေးအနက်ထားလေ့လာသုံးသပ်ပြီး "ကျားကျားမီးယပ်"ဆိုကာ စီးပွားရေးပိတ်ဆို့ ဒဏ်ခတ်မှုဆိုတာတွေကို တစ်ဆင့်ထက် တစ်ဆင့် တစ်နေ့တခြားတိုးမြှင့်လုပ်ဆောင်ပေးရန်တောင်းဆိုမှုတွေကိုရပ်ဆိုင်းခြင်း။

(၃) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို လက်ခံပြီး ဖြစ်နိုင်သမျှ ရရာနေရာမှ ပူးပေါင်းဆောင်ရွက်မှုတွေဖြင့် အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရန် ထောက်ကူခြင်းတို့သာလျှင် ယနေ့ မြန်မာ့လူ့အဖွဲ့အစည်း ရုပ်ဘဝအနေအထားအရ ဝေဒနာပြွမ်းတီးမှု လုံးဝမရှိသော စစ်မှန်တဲ့ ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းရေးလမ်းစဉ်ဖြစ်ပါတယ်။

အထက်ပါ အခြေခံသဘောထားလမ်းစဉ်နဲ့ နှိုင်းယှဉ်သုံးသပ်လိုက်ပါက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ၁/၀၂/၀၆ ပြည်ထောင်စုနေ့ကြေညာချက်ဟာ မြန်မာ့ဒီမိုကရေစီအရေးအတွက် ပျော့ပျောင်းတဲ့ လမ်းစဉ်လား။

၁၉၉၀ရွေးကောက်ပွဲရလဒ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေမရှိဘဲ အာဏာလွှဲပေးရေး၊ အနာဂတ်အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍမှာ တပ်မတော်မပါရေးနဲ့ စစ်တပ်ကိုစစ်တန်းလျားချက်ချင်းပြန်ရေးကို ဥပါယ်တံမျဉ်ဖြင့် ရရှိအောင်ကြိုးပမ်းတဲ့(ဝါ)ကိုယ့်အဖွဲ့ချုပ် အလိုဆန္ဒပြည့်ဝရေးအတွက် လှည့်စားရာရောက်တဲ့ ကြေညာချက်လားဆိုတာ ဆန်းစစ်သုံးသပ်နိုင်ရန် တင်ပြလိုက်ရပါတယ်။ ။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ အရာခံအဆင့်တွင် ပထမရရှိသော ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးမှ အရာခံဗိုလ်ကျော်အေးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆုနှင့် ဆုငွေကို ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ အကြပ်အဆင့်တွင် ပထမရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်ကြပ်ကြီး လှိုင်ဝင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆု၊ ဆုငွေနှင့် တစ်ဆင့်မြင့်ရာထူးသို့ တိုးမြှင့်ပေးသည့် တပ်မတော်မှတ်တမ်းညွှန်ကြားရေးမှူးရုံး၏ အပိုင်း(၂)အမိန့်ကို ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ တပ်သားအဆင့်တွင် ပထမရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်သားကျော်စိုးအောင်အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆု၊ ဆုငွေနှင့် တစ်ဆင့်မြင့်ရာထူးသို့ တိုးမြှင့်ပေးသည့် တပ်မတော်မှတ်တမ်း ညွှန်ကြားရေးမှူးရုံး၏ အပိုင်း(၂) အမိန့်ကို ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊
တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ
အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်
အရာရှိအဆင့်တွင် ပထမရရှိသော အနေ
ဗိုလ်ပြေအေးအား တပ်မတော်ကာကွယ်
လက်မှတ်၊ တပ်မတော်နေ့ကျင်းပရေး ဦး
လက်မှတ်၊ ဒိုင်းဆုနှင့် ဆုငွေကို ပေးအ

စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ အရာခံအဆင့်တွင် ဒုတိယရရှိသော အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်မှ ဒုတိယအရာခံဗိုလ် ဇော်ဘောက်အား တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆုနှင့် ဆုငွေတို့ကို ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ အကြပ်အဆင့်တွင် ဒုတိယရရှိသော အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်မှ ဒုတိယတပ်ကြပ် မြင့်အေးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆုနှင့် ဆုငွေတို့ကို ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည် ကျပန်းစကားပြောပြိုင်ပွဲ အရာခံအဆင့်တွင် ဒုတိယရရှိသော ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ)မှ ဒုတိယအရာခံဗိုလ်စိုးသိန်းအား တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆုနှင့် ဆုငွေတို့ကို ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

✪ ကျောဖုံးမှ

ဂုဏ်ထူးဆောင်လက်မှတ်၊ တပ်မတော်နေ့ကျ
ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆု၊ ဆုငွေနှင့် တစ်ဆ
တပ်မတော်မှတ်တမ်း ညွှန်ကြားရေးမှူးရုံး၏ အ
တပ်သားအဆင့်တွင် ပထမရရှိသော ရန်ကု
ကျော်စိုးအောင်အား တပ်မတော်ကာကွယ်
လက်မှတ်၊ တပ်မတော်နေ့ ကျင်းပရေးဦ
လက်မှတ်၊ ဒိုင်းဆု၊ ဆုငွေနှင့် တစ်ဆင့်
တပ်မတော်မှတ်တမ်း ညွှန်ကြားရေးမှူးရုံး၏ အ
ကျပန်းစကားပြောပြိုင်ပွဲ အရာရှိအဆင့်တွင်
တိုင်း စစ်ဌာနချုပ်မှ ဗိုလ်ပြေအေးအား တပ်
ဂုဏ်ထူးဆောင်လက်မှတ်၊ တပ်မတော်နေ့ ကျ
ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆုနှင့် ဆုငွေကို လ
ပထမရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(
အောင်ဇော်ဦးအား တပ်မတော်ကာကွယ်
လက်မှတ်၊ တပ်မတော်နေ့ကျင်းပရေး ဦးစီး
ဒိုင်းဆု၊ ဆုငွေနှင့် လေကြောင်းလမ်းပြ
တပ်မတော်မှတ်တမ်း ညွှန်ကြားရေးမှူးရုံး၏ အ
အကြပ်အဆင့်တွင် ပထမရရှိသော အမှတ်
တပ်ခွဲတပ်ကြပ်ကြီးစိုးဦးအား တပ်မတော်က
ဆောင်လက်မှတ်၊ တပ်မတော်နေ့ကျင်းပရေ
လက်မှတ်၊ ဒိုင်းဆု၊ ဆုငွေနှင့် တစ်ဆင့်
တပ်မတော်မှတ်တမ်း ညွှန်ကြားရေးမှူးရုံး၏ အ
တပ်သားအဆင့်တွင် ပထမရရှိသော ကာကွယ်
စိုးမြင့်အောင်အား တပ်မတော်ကာကွယ်
လက်မှတ်၊ တပ်မတော်နေ့ကျင်းပရေး ဦး

တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ အရာခံအဆင့်တွင် တတိယရရှိသော ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ ဒုတိယအရာခံဗိုလ် စိုးမြင့်အောင်အား တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆုနှင့် ဆုငွေတို့ကို ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ခင်အောင်မြင့် ကျပန်းစကားပြောပြိုင်ပွဲ အရာရှိအဆင့်တွင် တတိယရရှိသော ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးမှ ဗိုလ်ကြီးသိန်းရွှေဝင်းအား တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆုနှင့် ဆုငွေတို့ကို ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး ကျပန်းစကားပြောပြိုင်ပွဲ အရာရှိအဆင့်တွင် ပထမရရှိသော အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်ပြေအေးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆုနှင့် ဆုငွေကို ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး ကျပန်းစကားပြောပြိုင်ပွဲ အရာခံအဆင့်တွင် ပထမရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)မှ လေကြောင်းလမ်းပြ(၁) အောင်ဇော်ဦးအား တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆု၊ ဆုငွေနှင့်လေကြောင်းလမ်းပြကြီးအဆင့်သို့ တိုးမြှင့်ပေးသည့် တပ်မတော်မှတ်တမ်း ညွှန်ကြားရေးမှူးရုံး၏ အပိုင်း(၂)အမိန့်ကို ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး ကျပန်းစကားပြောပြိုင်ပွဲ အကြပ်အဆင့်တွင် ပထမရရှိသော အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ်မှ တပ်ခွဲတပ်ကြပ်ကြီးစိုးဦးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆု၊ ဆုငွေနှင့် တစ်ဆင့်မြင့်ရာထူးသို့ တိုးမြှင့်ပေးသည့် တပ်မတော်မှတ်တမ်း ညွှန်ကြားရေးမှူးရုံး၏ အပိုင်း(၂) အမိန့်ကို ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီး ကော်မတီဥက္ကဋ္ဌ၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး ကျပန်းစကားပြောပြိုင်ပွဲ တပ်သားအဆင့်တွင် ပထမရရှိသော ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ)မှ တပ်သား စိုးမြင့်အောင်အား တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆု၊ ဆုငွေနှင့် တစ်ဆင့်မြင့် ရာထူးသို့ တိုးမြှင့်ပေးသည့် တပ်မတော် မှတ်တမ်း ညွှန်ကြားရေးမှူးရုံး၏ အပိုင်း(၂)အမိန့်ကို ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

✪ **ကျောဖုံးမှ**

ဂုဏ်ထူးဆောင်လက်မှတ်၊ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆု၊ ဆုငွေနှင့် တစ်ဆင့်မြင့်ရာထူးသို့ တိုးမြှင့်ပေးသည့် တပ်မတော်မှတ်တမ်း ညွှန်ကြားရေးမှူးရုံး၏ အပိုင်း(၂)အမိန့်ကို လည်းကောင်း၊ တပ်သားအဆင့်တွင် ပထမရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်သား ကျော်စိုးအောင်အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင် လက်မှတ်၊ တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၏ ဂုဏ်ပြု လက်မှတ်၊ ဒိုင်းဆု၊ ဆုငွေနှင့် တစ်ဆင့်မြင့်ရာထူးသို့ တိုးမြှင့်ပေးသည့် တပ်မတော်မှတ်တမ်း ညွှန်ကြားရေးမှူးရုံး၏ အပိုင်း(၂)အမိန့်ကို လည်းကောင်း၊ ကျပန်းစကားပြောပြိုင်ပွဲ အရာရှိအဆင့်တွင် ပထမရရှိသော အနောက်တောင် တိုင်း စစ်ဌာနချုပ်မှ ဗိုလ်ပြေအေးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆုနှင့် ဆုငွေကို လည်းကောင်း၊ အရာခံအဆင့်တွင် ပထမရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ လေကြောင်းလမ်းပြ(၁) အောင်ဇော်ဦးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင် လက်မှတ်၊ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆု၊ ဆုငွေနှင့် လေကြောင်းလမ်းပြကြီးအဆင့်သို့ တိုးမြှင့်ပေးသည့် တပ်မတော်မှတ်တမ်း ညွှန်ကြားရေးမှူးရုံး၏ အပိုင်း(၂)အမိန့်ကို လည်းကောင်း၊ အကြပ်အဆင့်တွင် ပထမရရှိသော အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ်မှ တပ်ခွဲတပ်ကြပ်ကြီးစိုးဦးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူး ဆောင်လက်မှတ်၊ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၏ ဂုဏ်ပြု လက်မှတ်၊ ဒိုင်းဆု၊ ဆုငွေနှင့် တစ်ဆင့်မြင့်ရာထူးသို့ တိုးမြှင့်ပေးသည့် တပ်မတော်မှတ်တမ်း ညွှန်ကြားရေးမှူးရုံး၏ အပိုင်း(၂)အမိန့်ကို လည်းကောင်း၊ တပ်သားအဆင့်တွင် ပထမရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ တပ်သား စိုးမြင့်အောင်အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင် လက်မှတ်၊ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၏ ဂုဏ်ပြု လက်မှတ်၊ ဒိုင်းဆု၊ ဆုငွေနှင့် တစ်ဆင့်မြင့်ရာထူးသို့ တိုးမြှင့်ပေးသည့် တပ်မတော်မှတ်တမ်း ညွှန်ကြားရေးမှူးရုံး၏ အပိုင်း(၂)အမိန့်ကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်က စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲ အရာရှိအဆင့်တွင် ဒုတိယရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မြနန္ဒာဝင်း၊ အရာခံအဆင့်တွင် ဒုတိယရရှိသော အမှတ်(၁၁) ခြေမြန် တပ်မဌာနချုပ်မှ ဒုတိယအရာခံ ဗိုလ်ဇော်ဘောက်၊ အကြပ်အဆင့်တွင် ဒုတိယရရှိသော အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်မှ ဒုတိယတပ်ကြပ်မြင့်အေးနှင့် တပ်သားအဆင့်တွင် ဒုတိယရရှိသော အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ်မှ တပ်သား ခင်မောင်ဆန်းတို့အား တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆုနှင့် ဆုငွေတို့ကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ (၆၁)နှစ်မြောက် တပ်မတော်နေ့ စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်က ကျပန်းစကားပြောပြိုင်ပွဲ အရာရှိအဆင့်တွင် ဒုတိယရရှိသော ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်မှ ဗိုလ်သိန်းဇော်၊ အရာခံအဆင့်တွင် ဒုတိယရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ ဒုတိယအရာခံဗိုလ်စိုးသိန်း၊ အကြပ်အဆင့်တွင် ဒုတိယရရှိသော အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ ဒုတိယတပ်ကြပ် ကံလင်းနှင့် တပ်သားအဆင့်တွင် ဒုတိယရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)မှ တပ်သားအောင်ဇော်ဝင်းတို့အား တပ်မတော်နေ့ ကျင်းပရေး ဦးစီး ကော်မတီဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆုနှင့် ဆုငွေတို့ကို ပေးအပ် ချီးမြှင့်သည်။

ထို့နောက် (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော် ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရေးနှင့် ဆုချီးမြှင့်ရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေက စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲ အရာရှိအဆင့်တွင် တတိယရရှိသော ကာကွယ်ရေးဦးစီးချုပ် ရုံး(ရေ)မှ ဗိုလ်ကြီးမိုးကျော်ကျော်၊ အရာခံအဆင့်တွင် တတိယရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယအရာခံဗိုလ် စိုးမြင့်အောင်၊ အကြပ်အဆင့်တွင် တတိယရရှိသော အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ်မှ ဒုတိယတပ်ကြပ် ထွန်းနိုင်နှင့် တပ်သားအဆင့်တွင် တတိယရရှိသော တောင်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တပ်သားအောင်မင်းထွန်းတို့အား တပ်မတော်နေ့ ကျင်းပရေး ဦးစီး ကော်မတီဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆုနှင့် ဆုငွေတို့ကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် (၆၁)နှစ်မြောက် တပ်မတော်နေ့ ပြန်ကြားရေးနှင့်သတင်း ထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ခင်အောင်မြင့်က ကျပန်း စကားပြောပြိုင်ပွဲ အရာရှိအဆင့်တွင် တတိယရရှိသော ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးမှ ဗိုလ်ကြီးသိန်းရွှေဝင်း၊ အရာခံအဆင့်တွင် တတိယရရှိသော အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ ဒုတိယအရာခံဗိုလ်စိုးမြင့်၊ အကြပ် အဆင့်တွင် တတိယရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ တပ်ကြပ် အောင်ညွှန့်နှင့် တပ်သားအဆင့်တွင် တတိယရရှိသော ရန်ကုန်တိုင်း စစ်ဌာန ချုပ်မှ တပ်သားဇော်မင်းထွန်းတို့အား တပ်မတော်နေ့ကျင်းပရေး ဦးစီး ကော်မတီဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆုနှင့် ဆုငွေတို့ကို ပေးအပ်ချီးမြှင့်ပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ခင်အောင်မြင့် ကျပန်းစကားပြောပြိုင်ပွဲ အရာခံအဆင့်တွင် တတိယရရှိသော အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ ဒုတိယအရာခံဗိုလ် စိုးမြင့်အား တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆုနှင့် ဆုငွေတို့ကို ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၉-၃-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မြဝတီအဖွင့်
၇း၀၅	၂။ အဖွင့်သီချင်း
၇း၁၀	၃။ မျိုးချစ်တပ်မတော်
၇း၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၄၅	၇။ ခါသကြန်အဆိုအကများ
၇း၅၅	၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။ မြဝတီအဖွင့်
၄း၀၅	၂။ အဖွင့်သီချင်း
၄း၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၀	၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၃၀	၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅	၆။ ခါသကြန်အဆိုအကများ
၄း၄၀	၇။ မျိုးချစ်တပ်မတော်
၄း၅၀	၈။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၀၀	၉။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၂၀	၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၃၀	၁၁။ ခါသကြန်အဆိုအကများ
၅း၄၅	၁၂။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၄။ နိုင်ငံတကာသတင်း
၆း၂၀	၁၅။ မိုးလေဝသသတင်း
၆း၂၅	၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နန်းတွင်းရတနာ" (အပိုင်း-၂၅)**
၈း၀၀	၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၁။ ဗွီစီဒီကျော်ကြားတေးများ
	၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "တရားစီရင်ထုံး" (အပိုင်း-၂၀)**
	၂၄။ သင့်အတွက်မနက်ဖြန်
	၂၅။ အပိတ်နှုတ်ဆက်စကား
	၂၆။ ပြီးပါပြီ။

စိတ္တသုခလမ်း ဓမ္မပူဇာတရားပွဲ

ရန်ကုန် မတ် ၂၈

တာမွေမြို့နယ် ကျောက်မြောင်းကျားကွက်သစ်(စံပြ)ရပ်ကွက် စိတ္တသုခလမ်းတွင် ဝါတွင်း၊ဝါပအင်္ဂါပတ်ဆွမ်းလောင်းအသင်းကြီး၏ သုံးနှစ်ပြည့် ဆွမ်းအောင်ပွဲ အထိမ်းအမှတ်အဖြစ် မတ် ၃၁ရက်တွင် တိပိဋကဓရ အရှင်သုန္ဒရ(စွန်းလွန်း)၊ ဧပြီ ၁ ရက်တွင် အရှင်ဇဝန(မေတ္တာရှင်-ရွှေပြည်သာ)၊ ဧပြီ ၂ ရက်တွင် အရှင်အာစာရလင်္ကာရ(စစ်ကိုင်း -ရွှေဟင်္သာ) တို့က ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ (၂၃)

ပုပ္ပား(၂) တရားစခန်း

ရန်ကုန် မတ် ၂၈

မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ပုပ္ပား(၂) မိုးကုတ်ဝိပဿနာရိပ်သာ၌ လစဉ် တရားစခန်းဖွင့်လှစ်လျက်ရှိရာ(၁၃၇)ကြိမ်မြောက် သင်္ကြန်တရားစခန်းပွဲကို တန်ခူးလဆန်း ၁၀ရက်မှစ၍ တန်ခူးလပြည့်ကျော် ၅ရက် (နှစ်ဆန်းတစ်ရက်နေ့)အထိ ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းပွဲတွင် ပုပ္ပား(၂)ဆရာတော်ဘဒ္ဒန္တ သောဘဏ (ဓမ္မာစရိယ-LL.B)၊ ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့် ပုပ္ပား(၃) ဆရာတော် ဘဒ္ဒန္တ ဇာဂရ (ဓမ္မာစရိယ၊ မဟာဓမ္မာစရိယ)တို့က ကျေးဇူးတော်ရှင်မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောကြားကြမည်ဖြစ်ပြီး တရားစခန်းဝင်လိုသူ ယောဂီများ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၆၉၀၀၅၉သို့ဖြစ်စေ ဆက်သွယ် စာရင်းပေးနိုင်ကြောင်း သိရသည်။ (က-ပ)

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

မြန်မာနိုင်ငံအလယ်ပိုင်းတွင် ကြက်များသေဆုံးမှုနှင့်ပတ်သက်၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ အရေးယူဆောင်ရွက်မှု သတင်းထုတ်ပြန်ချက်

၁။ **ကြက်များသေဆုံးမှုသတင်း။** မြန်မာနိုင်ငံအလယ်ပိုင်း စစ်ကိုင်းတိုင်း ရွှေဘိုခရိုင်၌ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှ ၂၆-၃-၂၀၀၆နေ့အထိနှင့် မန္တလေးတိုင်း၊ မန္တလေးခရိုင်တို့တွင် ၈-၃-၂၀၀၆နေ့မှ ၂၆-၃-၂၀၀၆နေ့အထိ ကြက်နှင့်ငုံးများသေဆုံးမှုနှင့်ပတ်သက်၍ ရောဂါကာကွယ်ထိန်းချုပ်မှု လုပ်ငန်းများကို အောက်ပါအတိုင်း အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်-

(က) ကြက်သေဆုံး/ဖျက်ဆီးမှု

ကြက်များ စတင်သေဆုံးကာလမှ ၂၆-၃-၂၀၀၆ နေ့အထိ သေဆုံး/ဖျက်ဆီးကောင်ရေမှာ ရွှေဘိုခရိုင် (ရွှေဘို၊ ခင်ဦး၊ ကန့်ဘလူ၊ ရေဦး) တွင် ရောဂါထိန်းချုပ်မှုကန့်သတ်နယ်မြေအတွင်းရှိ ကြက်ခြံ ၉၃ ခြံ၊ မွေးမြူထားရှိသည့်ကြက် ၆၀၉၂၉ ကောင်အနက် ၆၇၃၁ ကောင်သေဆုံးပြီး ၂၄၈၃၆ ကောင်ကို ဖျက်ဆီးမြှုပ်နှံခဲ့ပါသည်။ မန္တလေးခရိုင် (ပြည်ကြီးတံခွန်၊ အမရပူရ၊ ချမ်းမြသာစည်၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ အောင်မြေသာစံ)တွင် ရောဂါထိန်းချုပ်မှုကန့်သတ်နယ်မြေအတွင်းရှိ ကြက်ခြံ ၉၉ ခြံ၌ မွေးမြူထားရှိသည့် ကြက် ၁၁၃၉၁၉ ကောင်အနက် ၂၀၆၀ ကောင်သေဆုံးပြီး ၉၆၁၅၉ ကောင် ဖျက်ဆီးမြှုပ်နှံခဲ့ပါသည်။ သို့ဖြစ်၍ ရွှေဘိုခရိုင်နှင့် မန္တလေးခရိုင် အတွင်း ကြက် ၈၇၉၁ ကောင်သေဆုံးပြီး ၁၂၀၉၉၅ ကောင်နှင့် ကြက်ဥ ၅၆၀ လုံးကို ဖျက်ဆီးမြှုပ်နှံခဲ့ပါသည်။

(ခ) ငုံးသေဆုံး/ဖျက်ဆီးမှု

ရွှေဘိုခရိုင်အတွင်း ငုံးမွေးမြူရေးခြံ နှစ်ခြံရှိ ငုံး ၁၉၄၁ ကောင်နှင့် မန္တလေးခရိုင်၌ ငုံးမွေးမြူရေးခြံ ၄၄ ခြံမှ ငုံး ၁၁၅၆၅၀ ကောင်၊ ငုံးဥ ၅၀၅၁၅ လုံးကို သေဆုံး/ဖျက်ဆီးမြှုပ်နှံခဲ့ပါသည်။ သို့ဖြစ်၍ စုစုပေါင်း ငုံးကောင်ရေ ၁၁၇၅၉၁ နှင့် ငုံးဥ ၅၀၅၁၅ လုံး သေဆုံး/ဖျက်ဆီးမြှုပ်နှံခဲ့ပါသည်။

(ဂ) ကြက်တုပ်ကွေးဗိုင်းရပ်(စ်)နှင့် ပဋိပစ္စည်းစစ်ဆေးတွေ့ရှိမှု

ကနဦးကြက်သေဆုံးမှုသတင်းရရှိသည့် ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစတင်၍ ရွှေဘိုမြို့နယ်မှ အစပြုပြီး ကန့်ဘလူ၊ ခင်ဦး၊ ရေဦး၊ ပြည်ကြီးတံခွန်၊ အမရပူရ၊ ချမ်းမြသာစည်၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ အောင်မြေသာစံမြို့နယ်တို့ရှိ ရောဂါထိန်းချုပ်ရေးနယ်မြေအတွင်းရှိ မွေးမြူရေးခြံ ၄၇ ခြံ၌ ရောဂါရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့ပါသည်။ ကြက်ရောဂါနမူနာ (သွေးရည်ကြည်၊ ကြက်အတွင်းအင်္ဂါများ၊ စအိုနှင့်လေပြွန်တို့မှနမူနာ) ၄၃၃ ခုရယူ၍ ချက်ချင်းအဖြေရ စမ်းသပ်စစ်ဆေးနည်း (Rapid Test)၊ သွေးစုကပ်စစ်ဆေးနည်း (HA)၊ သွေးစုကပ်ဟန့်တားမှုစစ်ဆေးနည်း (HI)နှင့် ပီစီအာရ် (PCR) စစ်ဆေးနည်းများအရ စစ်ဆေးမှုပြုလုပ်ခဲ့ရာ ကြက်ခြံ ၃၅ခြံ၏ နမူနာ ၂၆ခု၌ ကြက်ငှက်တုပ်ကွေးရောဂါ ဗိုင်းရပ်(စ်)ပိုး H5 N1 ကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၂။ **ရောဂါထိန်းချုပ်မှုဆောင်ရွက်ခြင်း။** မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် သက်ဆိုင်ရာ ဒေသအာဏာပိုင်၏ လမ်းညွှန်ခွင့်ပြုချက်ရယူပြီး ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ သက်ဆိုင်ရာခရိုင်၊ မြို့နယ်၊ ရပ်ကွက်အာဏာပိုင်များ၊ သက်ဆိုင်သည့် မွေးမြူသူများနှင့် ညှိနှိုင်းပူးပေါင်း၍လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ကြက်ငှက်တုပ်ကွေးကျွမ်းကျင်သူ အတိုင်ပင်ခံပညာရှင်များအား ဖိတ်ကြားပူးပေါင်းဆောင်ရွက် အကြံပြုချက်များရယူ၍လည်းကောင်း၊ ရောဂါအလျှင်အမြန်ထိန်းချုပ်နိုင်ရန်အတွက် ရောဂါကန့်သတ်နယ်မြေ၊ ထိန်းချုပ်နယ်မြေများ သတ်မှတ်၍ ဆောင်ရွက်လျက်ရှိပါသည်။ ရောဂါကန့်သတ်နယ်မြေအတွင်း မွေးမြူရေးခြံများကို ရောဂါစူးစမ်းရှာဖွေမှုအရ ကြက်ငှက်တုပ်ကွေးရောဂါပိုးတွေ့ရှိသောခြံမှ ၁ ကီလိုမီတာပတ်ပတ်လည်အတွင်း မွေးမြူထားသည့်ကြက်များကို ရောဂါကူးစက်ပျံ့နှံ့မှုမဖြစ်ပေါ်စေရန် ရောဂါအန္တရာယ် ကြိုတင်တားဆီးကာကွယ်ရေး (Risk Prevention) အတွက် ကြက်များကို ဖျက်ဆီးခြင်း ပြုလုပ်ခဲ့ပါသည်။ ကြက်ကောင်ရေ ၁၂၀၉၉၅ ကောင်၊ ငုံးကောင်ရေ ၁၁၂၄၁၄ ကောင်၊ ငုံးဥ ၅၀၅၁၅လုံး၊ ကြက်ဥ ၅၆၀ လုံးတို့ကို စနစ်တကျ ဖျက်ဆီးခြင်း၊ ပိုးသတ်မြေမြှုပ်ခြင်း၊ မွေးမြူရေးခြံများနှင့် အသုံးအဆောင်များကို ရောဂါပိုးသတ်ဆေးဖျန်းခြင်းပြုလုပ်ခဲ့ပါသည်။ ရောဂါပိုးတွေ့ရှိသောခြံမှ ၃ ကီလိုမီတာနှင့် ၇ ကီလိုမီတာကို ကန့်သတ်နယ်မြေနှင့် ထိန်းချုပ်နယ်မြေများအဖြစ် သတ်မှတ်၍ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများသယ်ဆောင်ရောင်းချခြင်းကို ထိရောက်စွာထိန်းချုပ်ထားပါသည်။ လူနှင့်အခြားတိရစ္ဆာန်များကိုလည်း ကူးစက်မှုမရှိကြောင်း တွေ့ရှိရပါသည်။ ကြက်သေဆုံးမှုလျော့ကျပြီး ရောဂါပျံ့နှံ့မှုထိန်းချုပ်နိုင်သည့်အဆင့်ကို ရောက်ရှိလာပြီဖြစ်ပါသည်။

၃။ **၂၆-၃-၂၀၀၆နေ့အထိ နောက်ဆုံးအခြေအနေ။** ရွှေဘို၊ ကန့်ဘလူ၌ ရောဂါထိန်းချုပ်နိုင်ပြီဖြစ်ပါသည်။ ကန့်ဘလူမြို့၊ ကာဘိုးကျေးရွာတွင် ရောဂါထိန်းချုပ်မှု ဆက်လက်ဆောင်ရွက်လျက်ရှိသည်မှအပ ကျန်ခင်ဦးမြို့နယ်တစ်ခုလုံး အနေဖြင့် ရောဂါထိန်းချုပ်နိုင်ပြီဖြစ်ပါသည်။ မန္တလေးခရိုင်ရှိ ရောဂါဖြစ်မြို့နယ်များမှာလည်း ရောဂါစတင်ထိန်းချုပ်လာနိုင်ပြီဖြစ်ပါသည်။

၄။ **အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။** ယခုအခါ ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO) ဒေသညှိနှိုင်းရေးမှူး Dr. K. Wantanee နှင့် အမေရိကန်နိုင်ငံ USAID မှ ဒေသညှိနှိုင်းရေးမှူး Dr. John Mac Arthur တို့သည် ၁၆-၃-၂၀၀၆နေ့မှ ၁၈-၃-၂၀၀၆နေ့အထိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ရောဂါဖြစ်ပွားသော မန္တလေးခရိုင်နှင့် ရွှေဘိုခရိုင်အတွင်း ကွင်းဆင်းလေ့လာခြင်းနှင့် ရောဂါထိန်းချုပ်ရေးဆိုင်ရာ အရေးပေါ်လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) မြန်မာဌာနေကိုယ်စားလှယ်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မြန်မာဌာနေကိုယ်စားလှယ်တို့အား လက်ခံတွေ့ဆုံ၍ ဆက်လက်ဆောင်ရွက်မည့် ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ရေးအစီအစဉ်များ ဆွေးနွေးခဲ့ပါသည်။ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)မှ ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်တားဆီးရေး ပြည်သူလူထုပညာပေးပိုစတာများ ပေးအပ် ထောက်ပံ့ခဲ့ပါသည်။ ဩစတြေးလျနိုင်ငံ ဂျီလောင်းမြို့ ဒေသကိုးကားဓာတ်ခွဲခန်းမှ ကြက်ရောဂါစစ်ဆေးရေး ဓာတ်ခွဲခန်းသုံး ပစ္စည်းကိရိယာများ ပေးအပ်ထောက်ပံ့ခဲ့ပါသည်။ FAO, JICA နှင့် ဩစတြေးလျနိုင်ငံ ဂျီလောင်းမြို့ ဒေသကိုးကားဓာတ်ခွဲခန်းတို့မှ ပံ့ပိုးခဲ့သည့် အရေးပေါ်လုပ်ငန်းသုံးပစ္စည်းများ အမေရိကန်ဒေါ်လာ တစ်သိန်းတန်ဖိုးခန့် လက်ခံရရှိပြီးဖြစ်ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၊ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် ထိုင်းနိုင်ငံ တိရစ္ဆာန်မွေးမြူထုတ်လုပ်မှု ဖွံ့ဖြိုးရေးဌာန (DLD)တို့မှ ကြက်တုပ်ကွေးရောဂါထိန်းချုပ်ရေး ကျွမ်းကျင် ပညာရှင်သုံးဦးတို့သည် (FAO) ဒေသညှိနှိုင်းရေးမှူး Dr. K. Wantaneeနှင့်အတူ ၂၈-၃-၂၀၀၆နေ့မှ နှစ်ပတ်ကြာ မန္တလေး၊ ရွှေဘိုဒေသများသို့ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ပါသည်။

၅။ **ပြန်လည်ထူထောင်ခြင်း။** ရောဂါထိန်းချုပ်မှုအတွက် ဖျက်ဆီးခံခဲ့ရသည့် မွေးမြူရေးခြံများအား ပြန်လည်ထူထောင်နိုင်ရေးအတွက် ရောဂါထိန်းချုပ်နိုင်ပြီး စိတ်ချရသည့်အခါ ကြက်များ အစားပြန်လည်ဖြည့်ဆည်းနိုင်ရေးနှင့် ဆက်လက်မွေးမြူထုတ်လုပ်နိုင်ရေးအတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ အစီအစဉ်အရ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့မှ ပူးပေါင်းညှိနှိုင်း၍ အထောက်အကူပြုသွားမည်ဖြစ်ပါသည်။

၆။ **ကြက်ငှက်တုပ်ကွေးရောဂါ မဖြစ်ပွားသေးသော အခြားဒေသများ။** အဆိုပါဒေသများတွင် ပြည်တွင်းကြက်နှင့် ကြက်ထွက်ပစ္စည်းစားသုံးမှု၊ ရောင်းဝယ်မှု ပုံမှန်ဖြစ်စေရေးအတွက် သက်ဆိုင်ရာဒေသအာဏာပိုင်များသို့ ကျိုးကြောင်းဖော်ပြချက်ဖြင့် ခွင့်ပြုချက်ရယူဖြန့်ဖြူးရောင်းချနိုင်ရန် ပြည်နယ်/တိုင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအချင်းချင်း ကြိုတင်ညှိနှိုင်းပေးခြင်း၊ တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက်ထုတ်ပေးခြင်းတို့ဖြင့် ကြက်၊ ဘဲမွေးမြူ ရောင်းဝယ်ရေးလုပ်ငန်းရှင်များသို့ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် မတ် ၂၈

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၇ရက် နံနက် ၉နာရီတွင် နေပြည်တော်မြို့တော်ရှိ နယ်မြေခံတပ်၏ အဆောင် (၁၃)၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး တက်ရောက်ကြည့်ရှုအားပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေအနုပညာပြိုင်ပွဲကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်း၊ စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပရေးနှင့် ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ (၆၁)နှစ်မြောက် တပ်မတော်နေ့ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ (၆၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ အရန်စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်လှမင်းနှင့် စစ်ကြောင်းမှူးများ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင်အရာရှိ စစ်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပရေးနှင့် ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေက အမှာစကားပြောကြားသည်။

ထို့နောက် စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲများကို သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပသည်။

အဆိုပါပြိုင်ပွဲများတွင် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ၌ အရာရှိအဆင့် ၄၅ဦး၊ အရာခံအဆင့် ၄၅ဦး၊ အကြပ်အဆင့် ၄၅ဦးနှင့် တပ်သားအဆင့် ၄၅ဦး စုစုပေါင်းအရာရှိစစ်သည် ၁၈၀တို့ ဖြေဆိုပြိုင်ပွဲဝင်ကြပြီး ကျပန်းစကားပြောပြိုင်ပွဲ၌ အရာရှိအဆင့် ၄၅ဦး၊ အရာခံအဆင့် ၄၅ဦး၊ အကြပ်အဆင့် ၄၅ဦးနှင့် တပ်သားအဆင့် ၄၅ဦး စုစုပေါင်း အရာရှိစစ်သည် ၁၈၀တို့ ပြိုင်ပွဲဝင်ကြသည်။

၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲများကို သတ်မှတ်နေရာ အသီးသီး၌ မတ် ၇ရက်မှ မတ် ၁၃ရက်အထိ ကျင်းပခဲ့သည်။

(သတင်းစဉ်)

သွေးဆေးကန် အရှင်နန္ဒာစရိယ တရားစခန်းပွဲ

ရန်ကုန် မတ် ၂၈

ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် ဘောလည်ကျေးရွာ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၏ ပထမအကြိမ် တရားစခန်းပွဲကို ဧပြီ ၂ရက်မှ ၈ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲတွင် ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ အရှင်နန္ဒာစရိယ (သာသနဓဇ ဓမ္မာစရိယ၊ ဂဏဝါစကဓမ္မာစရိယ)က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲ အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး တက်ရောက်ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

(၆၁)နှစ်မြောက် တပ်မတော်နေ့ပြပွဲ ပြခန်းများ တတိယနေ့အဖြစ် ဆက်လက်ပြသ

ရန်ကုန် မတ် ၂၈

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ပြပွဲ၏ ပြခန်းများကို ယနေ့နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော် စစ်သမိုင်းပြတိုက်၌ တတိယနေ့အဖြစ် ဆက်လက်ပြသထားရာ ရဟန်းရှင်လူပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများလာရောက်ကြည့်ရှုလေ့လာကြသည်။

ပြပွဲတွင် တိုင်းကျိုး ပြည်ပြု ပြည်သူ့အကျိုးပြု လုပ်ငန်းများ ပြခန်း၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အားကစားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ယဉ်ကျေးမှု ဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ အမှတ် (၁)စက်မှု ဝန်ကြီးဌာန၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အလုပ်သမား ဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနတို့၏ ပြကွက်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပြကွက်၊ တိုင်းစစ်ဌာနချုပ်များ၏ ပြကွက်များ၊ မြန်မာနှင့် အာဆီယံပြကွက်၊ မြန်မာနှင့် နိုင်ငံတကာ ဆက်ဆံရေးပြကွက် စသည်တို့ကို ရုပ်ပုံကားချပ်၊ ဓာတ်ပုံ၊ ဇယား၊ ပန်းချီကားများဖြင့် ပြသထားရာ ရဟန်းရှင်လူ ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာကြသည်။

ထို့အပြင် တိုင်းကျိုး ပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပြခန်း၌လည်း ကွန်ပျူတာ ဉာဏ်စမ်းပြိုင်ပွဲကို ဧပြီ ၄ရက်အထိ နေ့စဉ် မွန်းတည့် ၁၂နာရီတွင် ကျင်းပပေးလျက်ရှိရာ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများကို ချီးမြှင့်ကြသည်။

အဆိုပါပြပွဲကို နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော် စစ်သမိုင်းပြတိုက်၌ ပြသလျက်ရှိရာ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုလေ့လာနိုင်သည်။ (သတင်းစဉ်)

မတ် ၁၃ ရက်က မြောင်းမြခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးနေမျိုးသူ၏ မွေးနေ့အထိမ်းအမှတ်အဖြစ် မြောင်းမြမြို့ မေတ္တာမွန်ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားတို့အား တစ်နေ့တာ ထမင်းအာဟာရများ ကျွေးမွေးလှူဒါန်းပြီး အဘိုး အဘွားများအတွက် ဆေးပဒေသာပင် အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ဂေဟာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးချိန်းဆွေ၊ ဦးတင်မြင့်တို့ လက်ခံယူစဉ်။ (ခရိုင် ပြန်/ဆက်)

အကြို အခြေခံ မီးသတ်သင်တန်းဆင်း

ဒလ မတ် ၂၈

ဒလမြို့နယ် ခနောင်ရွာမ ကျေးရွာအုပ်စု ခနောင်ချောင်းဝကျေးရွာတွင် အကြို အခြေခံ မီးသတ်သင်တန်း၊ အခြေခံစစ်ရေးပြသင်တန်း (၁/၂၀၀၆) ဆင်းပွဲ အခမ်းအနားကို မတ် ၂၃ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ ဒုတိယဦးစီးမှူး ဦးအောင်မျိုးသန့်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန့်ဇင်ဝင်းနှင့် ကျေးရွာ ဥက္ကဋ္ဌတို့က အသီးသီး အမှာစကားပြောကြားသည်။

သင်တန်း ထူးချွန်ဆုရရှိသူများကို ဒုတိယဦးစီးမှူး ဦးအောင်မျိုးသန့်က ဆုချီးမြှင့်ပြီး **(ဝဲပုံ)** သင်တန်းသား၊ သင်တန်းသူ ၄၀ တက်ရောက်ကာ သင်တန်းကာလမှာ ၁၀ရက်ဖြစ်ကြောင်း သိရသည်။ (က-ပ)

သကြြန် ခုနစ်ရက်တရားစခန်း

ရန်ကုန် မတ် ၂၈

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့်၊ အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာအကျင့်မြတ် အလုပ်ပေးတရားတော်ကို ကမ္မဋ္ဌာန်းဆရာ ဦးကျော်နိုင်ထွန်းက စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း၊ အမှတ် (၂၉)၊ ဒုတိယလွှာတွင် ဧပြီ ၈ရက်မှ ၁၇ရက်အထိ မွန်းတည့် ၁၂နာရီမှ ညနေ ၅နာရီအတွင်း ဓမ္မဒါနပြုမည်ဖြစ်ရာ မည်သူမဆို လာရောက် တရားအားထုတ်နိုင်ကြောင်း သိရသည်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၃-၂၀၀၆ (အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းများ (အပိုင်း-၁)
၇း၁၅	တေးဂီတအစီအစဉ်
၇း၂၀	Myanmar Video Rhythm
၈း၀၀	ပြည်တွင်းသတင်းအကျဉ်း
၈း၁၀	မေးကြည့်ဖြေကြည့်ပဟေဠိ
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၀	မိခင်လောင်းများအတွက် အာဟာရ
၈း၄၅	တေးသီချင်းသံစဉ်ဖန်တီးရှင် (အရိုး)
၉း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၁၅	တေးဂီတအစီအစဉ်
၉း၂၀	ခွာနာလျှာနာရောဂါ ကာကွယ်ပေးပါ
၉း၂၅	တေးဂီတအစီအစဉ်
၉း၃၀	လယ်ယာထွန်စက်
၉း၄၅	ပြည်တွင်းသတင်းအကျဉ်း
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	စက်သုံးဆီချွေတာဖို့ သဘာဝဓာတ်ငွေ့သုံးကြစို့
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	ပန်းပုပလာစတာ
၁၀း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၅၀	ရောင်ပြန်ဟပ်ခြင်း (မင်းအုပ်စိုး၊ကုသိုလ်) (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
၁၀း၅၅	ဟင်းသီးဟင်းရွက်နှင့် စင်တင်သီးနှံစိုက်ပျိုးနည်း
၁၁း၀၅	မိုးလေဝသခန့်မှန်းချက်
၁၁း၁၀	ဆူးလေစေတီတော် ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ရေးလုပ်ငန်း
၁၁း၃၀	မေတ္တာနေရောင်ခြည်အောက်မှ ကရုဏာပန်းလေးများ
၁၁း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀	ဆရာအတတ်ပညာဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်ချက်များ
၁၁း၅၅	မန်းချောင်းတံတား
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၅)နာရီစာ အစီအစဉ်များကို ည (၂၃း၀၀)နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

Champion League ဘောလုံးပွဲစဉ်

ညပိုင်း	အစီအစဉ်	လိုင်း
၁း၀၀	Inter Milan-Villarreal	5-Sports (Live)
	Lyon-AC Milan	5-Cartoons (Live)

အခြေခံပညာ အထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် ရူပဗေဒဘာသာပြ ဆရာ ဆရာမများ မွမ်းမံသင်တန်းများဖွင့်

ရန်ကုန် မတ် ၂၈

ပညာရေးဝန်ကြီးဌာန အခြေခံပညာအထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် ရူပဗေဒဘာသာပြဆရာ ဆရာမများ မွမ်းမံသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်ပညာရေးတက္ကသိုလ် ပညာ့ဗိမာန်ခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ပညာရေးဝန်ကြီးဌာန အောက်ရှိဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခ ဌာနမှူးများ၊ ဖိတ်ကြားထားသူများ၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် အခြေခံပညာ အထက်တန်းအဆင့် အင်္ဂလိပ်စာ၊သင်္ချာနှင့် ရူပဗေဒဘာသာပြ ဆရာ ဆရာမများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အမှာစကားပြောကြားရာ၌ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်များအရ အခြေခံပညာ အထက်တန်းအဆင့်အင်္ဂလိပ်စာ၊ သင်္ချာနှင့်ရူပဗေဒဘာသာပြဆရာ ဆရာမများ မွမ်းမံသင်တန်းကို နိုင်ငံတစ်ဝန်းလုံးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ် ၃၀ ၌ တက္ကသိုလ် ဆရာ၊ ဆရာမများက ဦးဆောင်ပြီး ယနေ့မှစ၍ ဖွင့်လှစ်လေ့ကျင့်ပေးနေပြီဖြစ်ကြောင်း၊ အဆိုပါ သင်တန်းများသို့ အခြေခံပညာကျောင်းများမှ အထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် ရူပဗေဒဘာသာပြ ဆရာ ဆရာမအားလုံး တက်ရောက်နေကြပြီဖြစ်ကြောင်း၊ တက္ကသိုလ်ဆရာ၊ ဆရာမများအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဘာသာရပ်အလိုက် အရည်အသွေးပြည့်ဝသည့် ဆရာ ဆရာမများအဖြစ် လေ့ကျင့်သင်ကြားပေးရန်ဖြစ်ကြောင်း၊ အထက်တန်းအဆင့်သင် ဆရာ ဆရာမများ အနေဖြင့်လည်း အခြေခံပညာရေး အရည်အသွေး မြင့်မားရေးအတွက် ကြိုးပမ်းလေ့ကျင့်သင်ယူကြရန်၊ မိမိတို့ကျောင်းအလိုက် ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေးကို မြှင့်တင်ပေးကြရန် ဖြစ်ကြောင်း ဆွေးနွေးမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် သင်တန်းတက်ရောက်လာကြသည့် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ ဝန်ကြီး ဒေါက်တာ ချမ်းငြိမ်းနှင့်အဖွဲ့သည် Language Lab၌ အင်္ဂလိပ်စာ ဘာသာပြ ဆရာ ဆရာမများတက်ရောက်သင်ယူနေမှုကို လည်းကောင်း၊ သိပ္ပံလက်တွေ့ခန်း၌ ရူပဗေဒဘာသာပြ ဆရာ ဆရာမများ၏ လက်တွေ့စမ်းသပ် ဆောင်ရွက်နေမှုကိုလည်းကောင်း၊ သင်္ချာဘာသာပြ ဆရာ ဆရာမများ၏ လက်တွေ့ သင်ယူနေမှုကိုလည်းကောင်းလှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါ သင်တန်းသို့ အခြေခံပညာ အထက်တန်းကျောင်းနှင့် အထက်တန်းကျောင်းခွဲများမှ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် ဘာသာပြ ဆရာ ဆရာမ ၄၃၂ဦးတို့ တက်ရောက်ကြသည်။

အလားတူ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်သည် ယနေ့ နံနက်၁၀နာရီတွင် မိတ္ထီလာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသော အခြေခံပညာ အထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် ရူပဗေဒဘာသာပြ ဆရာ ဆရာမများ မွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ဘာသာရပ်အလိုက် သင်ကြားပြသနေသည့် Language Lab၊ သိပ္ပံလက်တွေ့ခန်းနှင့် စာသင်ခန်းများ၌ လက်တွေ့သင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။ အဆိုပါသင်တန်းသို့ ဘာသာပြ ဆရာ ဆရာမ ၃၂၄ ဦးတို့ တက်ရောက်ကြသည်။

တောင်ငူတက္ကသိုလ်

အလားတူ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းသည် ယနေ့နံနက် ၉ နာရီခွဲတွင် တောင်ငူတက္ကသိုလ် စာသင်ခန်းအမှတ် (၅/၁၀၂) ၌ကျင်းပသော အခြေခံပညာ အထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် ရူပဗေဒဘာသာပြ ဆရာ ဆရာမများ မွမ်းမံသင်တန်း ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီးဘာသာရပ်အလိုက် လေ့ကျင့်သင်ကြားမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။ အဆိုပါ သင်တန်းသို့ ဘာသာပြ ဆရာ ဆရာမ ၁၄၆ ဦးတို့ တက်ရောက်ကြသည်။

အခြေခံပညာ အထက်တန်းအဆင့် ဘာသာပြ ဆရာ ဆရာမများ မွမ်းမံသင်တန်းများကို တစ်နိုင်ငံလုံးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ် ၃၀ ၌ ယနေ့မှစ၍ မေ ၂၆ ရက်အထိ ဖွင့်လှစ်သင်တန်းပေးလျက်ရှိရာ အခြေခံပညာအထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် ရူပဗေဒ ဘာသာပြ ဆရာ ဆရာမ၆၉၃၂ဦးတို့ တက်ရောက်လျက်ရှိကြသည်။ (သတင်းစဉ်)

၂၀၀၆ ခုနှစ် ဧပြီလအတွက် မိုးလေဝသနှင့်ဇလဗေဒ ခန့်မှန်းချက်

ရန်ကုန် မတ် ၂၈

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုးအခြေအနေမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ခုနစ်ရက်မှ ၁၀ရက်ခန့်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ပဲခူး တိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် လေးရက်မှခြောက်ရက်ခန့်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် သုံးရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်ပါသည်။

နေ့အပူချိန်များမှာ မွန်ပြည်နယ်၊စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဖြစ်မြဲထက် ပိုပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဖြစ်မြဲခန့်သာရှိမည်။

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၁၈၀စင်တီမီတာ (၆ပေခန့်)၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ၁၂၀စင်တီမီတာ (၄ပေခန့်)နှင့် ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် ၉၀ စင်တီမီတာ (၃ပေခန့်) လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၉၀စင်တီမီတာ(၃ပေခန့်)နှင့် မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၆၀စင်တီမီတာ (၂ပေခန့်) လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

ဆံကေသာ အလှပြိုင်ပွဲကျင်းပ

ကျိုက်လတ် မတ် ၂၂

ဧရာဝတီတိုင်း ဖျာပုံခရိုင် အမျိုးသမီးရေးရာအဖွဲ့၏ ကြီးကြပ်မှု၊ ကျိုက်လတ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၏စီမံဆောင်ရွက်မှုဖြင့် ဆံကေသာ အလှနှင့်သွားအလှပြိုင်ပွဲကို မတ် ၂၀ရက် နံနက် ၁၀ နာရီတွင် ရွှေဝါလတ်ခန်းမ၌ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန်းရီနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ရပ်ကွက်၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ ပြိုင်ပွဲဝင်သူများ၊ ဝါသနာရှင်များ တက်ရောက် အားပေးကြသည်။

ပြိုင်ပွဲအပြီးတွင် ဆံကေသာ အလှ ပြိုင်ပွဲနှင့် သွားအလှပြိုင်ပွဲတို့တွင် ဆုရရှိသူများအား မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန်းရီနှင့် အဖွဲ့ဝင်များက ဆုများပေးအပ်ချီးမြှင့်သည်။ (မြို့နယ်ထွေ/အုပ်)

ကျိုက်လတ်မြို့နယ် ဆံကေသာအလှပြိုင်ပွဲတွင် ပထမရရှိသည့် ကျားကိုက်ကျေးရွာမှ ပြိုင်ပွဲဝင်တစ်ဦးအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန်းရီ ဆုချီးမြှင့်စဉ်။ (မြို့နယ်ထွေ/အုပ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၉-၃-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ အတီးပြိုင်ပွဲ
- ၈:၀၅ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၁၅ ၇။ အဆိုပြိုင်ပွဲ
- ၈:၂၅ ၈။ ဗိုက္ကရဲရေထိန်းတံခါး
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let'Go.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice in Reading.
- ၄:၄၀ ၄။ တေးဂီတအစီအစဉ်
- ၄:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (ရူပဗေဒ၊ဓာတုဗေဒ၊ သင်္ချာအထူးပြုများ)(ရူပဗေဒ)
- ၅:၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၁၅ ၇။ အကပြိုင်ပွဲ
- ၅:၂၀ ၈။ သီချင်းကြီးပဒေသာ
- ၅:၃၀ ၉။ မြန်မာစာ၊ မြန်မာစကား
- ၅:၄၀ ၁၀။ **"သတိနဲ့ယှဉ်အသိနဲ့ပြင်" (အပိုင်း-၁)(ဝါးခယ်မရဲမောင်၊ ဘုန်းလျှန်၊မြတ်ကေသီအောင်၊ ရတနာခင်၊ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး) (ဒါရိုက်တာ-မင်းအုပ်စိုး)**
- ၅:၅၀ ၁၁။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၆:၀၀ ၁၂။ ညနေခင်းသတင်း
- ၆:၃၀ ၁၃။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၄။သုတစုံလင်ရွှေဉာဏ်ရှင်
- ၇:၀၅ ၁၅။ **"ချစ်လွန်းလို့"(ဖိုးဖြူ၊ခင်စိုးပိုင်၊ မျိုးမျိုးခိုင်) (ဒါရိုက်တာ-ကြည်စိုး)**
- ၇:၁၀ ၁၆။ တေးဂီတအစီအစဉ်
- ၇:၂၅ ၁၇။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
- ၇:၃၅ ၁၈။ **ပြည်သူ့အတွက်တပ်မတော် (လမ်းနှင့်တံတား နိုင်ငံ့အား)**
- ၈:၀၀ ၁၉။ ပြည်တွင်းသတင်း
- ၂၀။ နိုင်ငံတကာသတင်းများ
- ၂၁။ မိုးလေဝသအခြေအနေ
- ၂၂။ **၂၀၀၅ခုနှစ်တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေးအတီးပြိုင်ပွဲ(ရုပ်သေးပြိုင်ပွဲ) မင်းကုသဇာတ်တော်ကြီး (ငြိမ်းချမ်းရွှေပြည်ရုပ်စုံအမြင့်သဘင် ရန်ကုန်တိုင်း) (ပထမဆု)**
- ၂၃။ နောက်တစ်နေ့အစီအစဉ်
- ၂၄။ အစီအစဉ်ပြီး၏။

ရန်ကုန်မြို့ ဒဂုံမြို့နယ် နဝဒေးလမ်းနေ ဦးခင်မောင်ထူး-ဒေါ်မြင့်မြင့်ဝင်း၊ (သား) မောင်အောင်မျိုးထူး မိသားစုက ဒဂုံမြို့နယ် အမှတ်(၁၂) စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူတော်ငွေ ကျပ်သုံးသိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တကောသရိန္ဒထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မော်လမြိုင်မြို့ မရမ်းကုန်းရပ်ရှိ ဆံတော်ရှင်ကျိုက်သုတ်စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ အင်္ဂါဝတ်အတွင်း စံပယ်တော်မူလျက်ရှိသော ရုပ်ပွားတော်ကြီးအား ရွှေသင်္ကန်းကပ်လှူရန်အတွက် မတ်၂၁ရက်က မော်လမြိုင်မြို့ ညောင်ဝိုင်းရပ် အမှတ်(၃) သင်္ဂဟလမ်းနေ ဦးရန်ရှင်း-ဒေါ်အေးအေးသန်း မိသားစုက ငွေကျပ် ၅၃၀၀၀၀ ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဇော် လက်ခံယူစဉ်။ (၁၀၇)

နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနီယပွဲတော်နှင့် မဟာပဋ္ဌာန်းမြတ် ရွတ်ဆိုပွဲကျင်းပ

ရန်ကုန် မတ် ၂၈

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် သမိုင်းဝင်ကျိုက္ကစံ ဆံတော်ရှင်စေတီတော်မြတ်ကြီးတွင် (၂၁)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနီယပွဲတော်နှင့် မဟာပဋ္ဌာန်းမြတ် ရွတ်ဆိုပွဲကျင်းပရာ အခမ်းအနားမှူးအဖြစ် ဦးထိန်လင်းက ဆောင်ရွက်ပြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌကိုယ်စား ဂေါပကအဖွဲ့ဝင်ဦးအေးဖေ၊ ပွဲတော်ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်တို့ကအမှာစကားပြောကြားသည်။ ထို့နောက် ရပ်ကွက်များ၏ကိုယ်စား (င/က)ရပ်ကွက်ဥက္ကဋ္ဌ ဦးညွန့်သိန်းက ဖဲကြိုးဖြတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)** (က-ပ)

တာမွေမြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ်(၇)၏ ၂၀၀၅-၂၀၀၆ခုနှစ် သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်ပွဲကို မတ် ၂၈ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီးဦးလှထွန်းက မောင်အောင်မြင့်မြတ်စိုးအား သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။

(ကြေးမုံ)

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

ရိုးရာအားကစားအဖွဲ့ချုပ် ပြန်လည်ဖွဲ့စည်း ရွှေခါးပတ်ချန်ပီယံလုပွဲ ကျင်းပမည် ဝိတ်တန်းကိုးတန်းယှဉ်ပြိုင်ရန် သတ်မှတ်

ရန်ကုန် မတ် ၂၈

မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ် အသစ်ပြန်လည်ဖွဲ့စည်းခြင်းနှင့် ၂၀၀၆ခုနှစ် ကိုယ်အလေးချိန် အတန်းလိုက် တံခွန်စိုက် ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံလုပွဲ ကျင်းပမည့်အကြောင်း သတင်းနှင့် စာနယ်ဇင်းဆိုင်ရာများအား ရှင်းလင်းအသိပေးသည့် အခမ်းအနားကို မတ် ၂၇ရက် နံနက် ၉နာရီခွဲက အောင်ဆန်း အားကစားပြိုင်ကွင်း အစည်းအဝေးခန်းမ (၁)တွင် ကျင်းပသည်။ အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် အမှုဆောင်များ၊ အားကစားဂျာနယ်များမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရေးဦးစွာ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အဖွင့် အမှာစကားပြောကြားသည်။ ဆက်လက်၍အခမ်းအနား မှူးဦးစန်းမြင့်က အသစ်ပြန်လည် ဖွဲ့စည်းလိုက်သည့် မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ် အမှုဆောင်စာရင်းကို ဖတ်ကြားတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင်က ရွှေခါးပတ်ချန်ပီယံလုပွဲကျင်းပခြင်းနှင့် ရိုးရာလက်ဝှေ့အားကစား တိုးတက်ရေးဆောင်ရွက်မည့် ရေတို၊ ရေရှည်စီမံကိန်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အဖွဲ့ချုပ် အမှုဆောင်များနှင့် တက်ရောက်လာသော အားကစားကလောင်ရှင်များက ရိုးရာလက်ဝှေ့အားကစားတိုးတက်ရေး ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်ကို အသစ်ပြန်လည်ဖွဲ့စည်းလိုက်ရာ အဖွဲ့ချုပ် နာယက ခြောက်ဦးနှင့် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်) ပါဝင်သော အမှုဆောင် ၂၆ဦးဖြင့် ဖွဲ့စည်းထားသည်။

မြန်မာ့ရိုးရာ လက်ဝှေ့ရွှေခါးပတ်ချန်ပီယံလုပွဲကို မေ ၆ရက်မှ ၂၁ရက်အထိ အောင်ဆန်းကွင်း မိုးလုံလေလုံ အားကစားရုံတွင် ကျင်းပရန် စီစဉ်ထားသည်။ ကွာတားဖိုင်နယ် ပွဲစဉ်များနှင့် လူရွေးပွဲကို မေ ၆ရက်နှင့် ၇ရက်တွင်လည်းကောင်း၊ ဆီမီးဖိုင်နယ်ပွဲစဉ်များကို မေ ၁၃ရက်နှင့် ၁၄ရက်တွင်လည်းကောင်း၊ ဖိုင်နယ်ပွဲစဉ်များကို မေ ၂၀ရက်နှင့် ၂၁ရက်တွင်လည်းကောင်း ကျင်းပမည်ဖြစ်သည်။

အဆိုပါ ရွှေခါးပတ်ချန်ပီယံလုပွဲတွင် လိုက်ဖလိုင်းဝိတ်တန်း၊ ဖလိုင်းဝိတ်တန်း၊ ဘင်တန်ဝိတ်တန်း၊ ဖယ်သာဝိတ်တန်း၊ လိုက်ဝိတ်တန်း၊ လိုက်ဝယ်လ်တာဝိတ်တန်း၊ ဝယ်လ်တာဝိတ်တန်း၊ လိုက်မစ်ဒယ်ဝိတ်တန်း၊ မစ်ဒယ်နှင့်အထက် ဝိတ်တန်းများပါဝင်မည်ဖြစ်ပြီး ဆုကြေးများ ထိုက်ထိုက်တန်တန် ချီးမြှင့်မည် ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ် အသစ်ပြန်လည်ဖွဲ့စည်းခြင်းနှင့် ၂၀၀၆ခုနှစ် ကိုယ်အလေးချိန်အတန်းလိုက် တံခွန်စိုက် ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံပွဲ ကျင်းပရန် စီစဉ်ထားရှိခြင်းနှင့် စပ်လျဉ်း၍ စာနယ်ဇင်းများအား အသိပေးရှင်းလင်းအခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် အမှာစကားပြောကြားစဉ်။ (ကြေးမုံ)

မတ် ၂၇ရက်က ကျင်းပသော ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် စပါးအသင်းမှ ရော်ဘီကိန်း (အလယ်)က ဝက်စ်ဘရွန်းအသင်းမှ ဂရင်းနင်းနှင့် အင်ဒီဂျွန်ဆင်တို့ကို ဖြတ်ကျော်ကာ ဘောလုံးကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

စပါးက ဝက်စ်ဘရွန်းအသင်းကို အနိုင်ရ ရော်ဘီကိန်းတစ်ဦးတည်း နှစ်ဂိုးသွင်းယူ

လန်ဒန် မတ် ၂၈

အင်္ဂလိပ် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃၁) လက်ကျန်ပွဲအဖြစ် တော့တင်ဟမ်ဟော့စပါးအသင်းနှင့် ဝက်စ်ဘရွန်းအသင်းတို့ တနင်္လာနေ့က ယှဉ်ပြိုင်ကစားရာ စပါးအသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ပွဲပြီးဆုံးခါနီး ပြစ်ဒဏ်ဘောမှတစ်ဆင့် ရော်ဘီကိန်း ဂိုးသွင်းနိုင်ခဲ့၍ စပါးအသင်း အနိုင်ရရှိခြင်းဖြစ်သည်။ ရော်ဘီကိန်းသည် အစောပိုင်းဖြစ်သည့် ပွဲချိန် ၆၈မိနစ်တွင် တစ်ဂိုးသွင်းယူခဲ့သေးသည်။ ယင်းဂိုးမှာ ရော်ဘီကိန်းအတွက် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် အကြိမ် ၅၀မြောက် ဂိုးသွင်းနိုင်မှုဖြစ်သည်။

ပထမပိုင်းပွဲချိန် ၂၁မိနစ်တွင် ကားတစ်ဒေးဗီးယက်စ်က ဝက်စ်ဘရွန်းအသင်းအတွက် ဂိုးသွင်းယူခဲ့ရာ ယခုပွဲတွင် ကြိုတောင့်ကြိုခဲ ဝက်စ်ဘရွန်းက အနိုင်ရတော့မည်လောဟု စပါးအသင်းသားများ စိုးရိမ်မကင်းဖြစ်ခဲ့ကြသည်။ ဝက်စ်ဘရွန်းအသင်းသည် အိမ်ရှင်အသင်းဖြစ်သော စပါးအသင်း၏ ထိုးဖောက်မှုများကို ကြံ့ကြံ့ခံနိုင်အောင် ကြိုးပမ်းခဲ့သည်။ စပါးအသင်းသည် ပွဲပြီးဆုံးရန် ၂၂မိနစ်အလိုတွင် ချေပဂိုးတစ်ဂိုး သွင်းယူနိုင်ပြီး ပွဲချိန် ၈၉မိနစ်တွင် ပြစ်ဒဏ်ဘောမှတစ်ဆင့် အနိုင်ဂိုးရသည်။ စပါးအသင်းသည် ပရီမီယာလိဂ် အမှတ်ပေးဇယားတွင် ဘလက်ဘန်း အသင်းထက် သုံးမှတ်အသာရရှိကာ စတုတ္ထနေရာ၌ ရပ်တည်လျက်ရှိသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အာဆင်နယ်နှင့် ရင်ဆိုင်ရန် ဂျူဗင်တပ်စ်မှ ဗီယာရာ စောင့်စားနေ

လန်ဒန် မတ် ၂၈

မိမိသည် အာဆင်နယ်အသင်းမှ ထွက်ခွာလာခဲ့ခြင်းနှင့် ပတ်သက်၍ ဝမ်းနည်းမှုမရှိကြောင်း ဂျူဗင်တပ်စ်အသင်း ကွင်းလယ်ကစားသမား ပက်ထရစ်ဗီယာရာက တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

အင်္ဂါနေ့တွင် ကျင်းပမည့် ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် မိမိ၏ အသင်းဟောင်းနှင့် ရင်ဆိုင်တွေ့ရန် မျှော်လင့်စောင့်စားနေကြောင်း ဗီယာရာက ပြောကြားသည်။

ဗီယာရာသည် အာဆင်နယ်အသင်းတွင် ကိုးနှစ်တိုင်တိုင် ပါဝင်ကစားခဲ့ပြီးနောက် ပြီးခဲ့သည့်ဇူလိုင်လက အီတလီ စီးရီးအေ ထိပ်တန်းအသင်းဖြစ်သော ဂျူဗင်တပ်စ်အသင်းသို့ အသင်းပြောင်းရွှေ့ကြေး ယူရို သန်း၂၀ (ဒေါ်လာ ၂၄ဒသမ ၀၉သန်း)ဖြင့် ပြောင်းရွှေ့လာခဲ့သည်။

မိမိသည် ဂျူဗင်တပ်စ်အသင်းတွင် ပါဝင်ရန် လက်မှတ်ရေးထိုးလိုက်ချိန်မှစ၍ အာဆင်နယ်အသင်း၏ စာမျက်နှာများ ကုန်ဆုံးလွန်မြောက်သွားပြီဖြစ်ကြောင်း ဗီယာရာက ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ အကြိုသတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။



ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ပထမအဆင့်အဖြစ် ဂျူဗင်တပ်စ်အသင်းသည် အာဆင်နယ်အသင်းနှင့် ဟိုက်ဘာရီကွင်းတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

မတ် ၂၇ရက်က လန်ဒန်မြောက်ပိုင်း ဟိုက်ဘာရီကွင်းတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ဂျူဗင်တပ်စ် ကွင်းလယ်ကစားသမား ပက်ထရစ်ဗီယာရာအား တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အဆင့်မြင့်တန်း ရှုံးထွက်ဘောလုံးပွဲ ကာကွယ်ရေးက သစ်တောကို အနိုင်ရ

ရန်ကုန် မတ် ၂၈

၂၀၀၅–၂၀၀၆ ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းပိတ်ရှုံးထွက် ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီ ၄၅ မိနစ်က အောင်ဆန်းကွင်းတွင် ဆက်လက်ကျင်းပရာ ကာကွယ်ရေးအသင်းက သစ်တောရေးရာအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။

ကာကွယ်ရေးအသင်း တစ်ဂိုး
(စန်းမောင်)
သစ်တောရေးရာအသင်း ဂိုးမရှိ

ဒိုင်လူကြီး ဦးစိုးမိုးကျော်

ခြေညီသောနှစ်သင်း တွေ့ဆုံသောပွဲဖြစ်၍ အနိုင်ရရှိရေး အားကုန်ထုတ်ယှဉ်ပြိုင်ခဲ့ရပြီး ကာကွယ်ရေးအသင်းက တစ်လုံးတည်းသောဂိုးဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။ ယနေ့ပွဲတွင် ကာကွယ်ရေးအသင်းက ခြေစွမ်းအရ အသာရခဲ့သော်လည်း နှစ်သင်းစလုံး ဂိုးသွင်းခွင့်များ ကိုယ်စီကိုယ်ငှ ရရှိခဲ့ကြသည်။ ကာကွယ်ရေးအသင်းက အခွင့်အရေးများအနက်မှ တစ်ဂိုးရရှိခဲ့၍ အနိုင်ရသွားခြင်းဖြစ်သည်။

အနိုင်ဂိုး

ပထမပိုင်းတွင် နှစ်သင်းစလုံး အပေးအယူ အချိတ်အဆက်လွဲနေပြီး ကစားကွက်မမိဖြစ်နေရာ ပွဲမှာအေးသယောင်ရှိခဲ့သည်။ လေးပွင့်ဆိုင်ခြေစမ်းပွဲတွင် ဒဏ်ရာရရှိသွားသော တိုက်စစ်မှူး အောင်ကျော်ထွန်း မပါဝင်နိုင်၍ သစ်တောတိုက်စစ်မှာ အားပျော့နေပြီး ကာကွယ်ရေးဘက်သို့ ထိထိရောက်ရောက် တိုက်စစ်မဆင်နိုင်ခဲ့ပေ။ လက်ရွေးစင်ဟောင်း စန်းမောင်ဦးဆောင်သည့် ကာကွယ်ရေးတိုက်စစ်မှာ သစ်တော ခံစစ်ကြောင်းကို အကြိမ်ကြိမ် ထိုးဖောက်ခဲ့သည်။ ကာကွယ်ရေးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို မိနစ် ၃၀ တွင် စန်းမောင်က ဘီးကုပ်ထိပ်မှ ကန်သွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင် သစ်တောအသင်းက အရှုံးဂိုးချေပနိုင်ရန် အားထည့်ကစားလာသည်။ အစပိုင်းတွင် သစ်တောအသင်းမှ စည်သူမောင် နှစ်ကြိမ်နှင့် ညီညီစိုးတစ်ကြိမ် ချေပဂိုးရရှိနိုင်မည့် သေချာပေါက် အခွင့်အရေးများ ရရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ ၁၉မိနစ်တွင် စည်သူမောင် အဝေးမှ အမှတ်မထင်ကန်သွင်းရာ တိုင်ထိထွက်သွား၍ သစ်တော နစ်နာခဲ့ရသည်။

ကာကွယ်ရေး အသင်းကလည်း အနိုင်ကိုထိန်းရန် ခံစစ်ကို လုံအောင်လုပ်ပြီးမှသာ တိုက်စစ်ဆင်ကစားခဲ့သည်။ သစ်တောအသင်းက ချေပဂိုး ရရှိရန် တစ်သင်းလုံးနီးပါးတက်၍ တိုက်စစ်ဆင်ရာ ကာကွယ်ရေးအသင်းက ပြန်လည်တိုက်စစ်ဆင်သည့်အခါ နောက်တန်းမှာ မကြာခဏဆိုသလို ပေါက်ထွက်နေခဲ့သည်။ ကာကွယ်ရေးအသင်း ဂိုးထပ်မံရရှိနိုင်မည့် အခွင့်အရေးများ ရရှိခဲ့သော်လည်း ဝင်းဇော်ထိုက်၏ အဝေးမှကန်ချက် ဘားထိထွက်ခြင်း၊ စန်းမောင်၊ မောင်မောင်အောင်နှင့် လွင်မောင်မောင်မျိုးတို့၏ ကန်သွင်းချက်များမှာလည်း ဂိုးပေါက်မတည့်၍ ဒုတိယဂိုးနှင့် ဝေးနေရသည်။ ပွဲပြီးခါနီးတွင် သစ်တောက တရစပ်တိုက်စစ်ဆင်လာသော်လည်း ကာကွယ်ရေးနောက်တန်းက ကြံ့ကြံ့ခံကာကွယ် ဖျက်ထုတ်နိုင်ခဲ့၍ တစ်ဂိုးအသာဖြင့် အနိုင်ရရှိသွားခြင်းဖြစ်သည်။

ကာကွယ်ရေးအသင်းသည် ကွာတားဖိုင်နယ်၌ ပို့ဆောင်ရေးနှင့် လျှပ်စစ်စွမ်းအားအသင်းတို့မှ အနိုင်ရသောအသင်းနှင့် ဧပြီ ၃ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယနေ့ပွဲ

ညနေ ၃ နာရီ ၄၅ မိနစ်

(အောင်ဆန်းကွင်း)

ပို့ဆောင်ရေး နှင့် လျှပ်စစ်စွမ်းအား

(ကြေးမုံ)

ကာကွယ်ရေးအသင်းမှလွင်မောင်မောင်မျိုး နှင့် သစ်တော နောက်ခံလူ နိုင်လင်းဦးတို့ ဘောလုံး ရရှိရေး ကြိုးပမ်းကြစဉ်။ (ကြေးမုံ)

သဃ်္ဃန်းကျွန်းမြို့နယ် သုဒဿနလမ်း၊ (၁၆/၂)ရပ်ကွက်၊ ဗြဟ္မဝိဟာရ စာသင်တိုက်ရှိနာရေး ကူညီမှုအသင်းသို့ ဦးသန်းတင်–ဒေါ်အမာလေးတို့အား ရည်စူး၍ ဒေါ်အမာမြင့် (တွဲဖက်စာရင်းစစ်)နှင့် အဖွဲ့ ဝေနေယျသုခရေချမ်းစင် အသင်းမှ ကျပ် ၁၂၂၀၀၀လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌဦးကျော်သူနှင့် ဦးညီကျော်တို့ လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ (က–ပ)



၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်သည်တော် ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲ ဗဟို အဆင့် ဆုချီးမြှင့်ပွဲ အခမ်းအနားတွင်နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးအောင်ထွေး အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲ ဗဟိုအဆင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၂၈

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော် (ကြည်း၊ရေ၊လေ) စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲ ဗဟိုအဆင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို မတ် ၂၆ရက် နံနက် ၉နာရီတွင် နေပြည်တော်မြို့တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန အနော်ရထာခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုများကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပရေးနှင့် ဆုချီးမြှင့်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ (၆၁)နှစ်မြောက် တပ်မတော်နေ့ စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ (၆၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြမှူးကြီး၊ အရန်စစ်ရေးပြမှူးကြီးနှင့် စစ်ကြောင်းမှူးများ၊ ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ် တပ်မတော် (ကြည်း၊ရေ၊လေ)စစ်သည်တော် ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲ ဗဟိုအဆင့်တွင် ဆုရရှိသူများ တက်ရောက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ အရာရှိအဆင့်တွင် ပထမရရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်ကြီးအောင်မျိုးထက်အားတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆုနှင့် ဆုငွေကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော် လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ အရာရှိအဆင့်တွင် ပထမရရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်ကြီး အောင်မျိုးထက်အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆုနှင့် ဆုငွေကိုလည်းကောင်း၊ အရာခံအဆင့်တွင် ပထမရရှိသော ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးမှ အရာခံဗိုလ် ကျော်အေးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၏ ဂုဏ်ပြုလက်မှတ်၊ ဒိုင်းဆုနှင့် ဆုငွေကို လည်းကောင်း၊ အကြပ်အဆင့်တွင် ပထမရရှိသော ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ တပ်ကြပ်ကြီး လှိုင်ဝင်းအား တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✪

အင်တာနက်သတင်း

ရွှေပြားကွပ်ထားသော ဂေါက်သီးဘောလုံးကို ဂြိုဟ်ပတ်လမ်းအတွင်းသို့ရောက်အောင် ရိုက်ပြမည်

မော်စကို မတ် ၂၇

ရုရှားအာကာသယာဉ်မှူး ပါဗယ်လ်ဗင်နိုဂရာဒေါ့ဗ်သည် ယခုနှစ် နွေရာသီတွင် နိုင်ငံတကာ အာကာသစခန်းယာဉ် (အိုင်အက်စ်အက်စ်) မှ ဂြိုဟ်ပတ်လမ်းကြောင်းအတွင်းသို့ ရွှေပြားကွပ်ထားသော ဂေါက်ရိုက်တံကို အသုံးပြု၍ ရွှေပြားကွပ်ထားသော ဂေါက်သီးဘောလုံးကို ရိုက်ပြမည်ဖြစ်ကြောင်း ကနေဒါကုမ္ပဏီက မတ် ၂၆ရက်တွင် ထုတ်ပြန်ကြေညာသည်။ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ▲



ရုရှား အာကာသမစ်ရှင်ပျံ သန်း ရေး အင်ဂျင်နီယာ ပါဗယ်လ်ဗင် နိုဂရာဒေါ့ဗ်။

(ဓာတ်ပုံ- အင်တာနက်)

ယနေ့မိုးလေဝသ

(၂၉-၃-၂၀၀၆)

နေပြည်တော်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ခေါင်းကြီး၊ ဆောင်းပါးအညွှန်း

- ***နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ထောင်စုတစ်ဝန်း တိုင်းရင်းသားပြည်သူများ လူနေမှုဘဝမြင့်မားရေးအတွက် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ စည်းလုံးညီညွတ်သော စွမ်းအားဖြင့် ကဏ္ဍအလိုက် စီမံကိန်းများ ချမှတ်ဖော်ဆောင်လျက်ရှိရာ နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်၌ ဦးမော့လာပြီဖြစ်သည်။***

ခေါင်းကြီး(စာမျက်နှာ-၂)

- ***“နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုလက်ခံပြီး ဖြစ်နိုင်သမျှ ရရာနေရာမှ ပူးပေါင်းဆောင်ရွက်မှုတွေဖြင့် အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရန် ထောက်ကူခြင်းတို့သာလျှင် ယနေ့မြန်မာ့လူ့အဖွဲ့အစည်း ရုပ်ဘဝအနေအထားအရ ဝေဒနာပြွမ်းတီးမှုလုံးဝမရှိသော စစ်မှန်တဲ့ ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းရေးလမ်းစဉ်ဖြစ်ပါတယ်”***

ကျော်မြင့်နိုင်၏ **“ပျော့ပျောင်းမှုလား လှည့်စားမှုလား”**

ဆောင်းပါး (စာမျက်နှာ-၆/၇)